# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများဘေးကင်းလုံခြုံရေးတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၄ |
| ၆ | နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ပရဟိတဂေဟာ အရေအတွက်နှင့် တည်ထောင်ခွင့်ပြုမိန့်ပေးရာတွင် မည်ကဲ့သို့စိစစ်၍ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၇ | အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ (Internaional Humanitarian Law-IHL) အား ကောင်အထည်ဖော်ခြင်းအတွက် နိုင်ငံအဆင့်အမျိုးသားကော်မတီ (National Committee) အား မြန်မာနိုင်ငံတွင် ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၄ |
| ၈ | မြန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိ နေသည့် မြေနိမ့်ပိုင်းကျေးရွာများအား လေမုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter) များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၁ |
| ၉ | ချီဖွေမြို့နယ်၊ နိုဗုန်ဘော်ထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၅ |
| ၁၀ | စဉ့်ကူးမြို့နယ်၏ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ နေ့စားလပေး ရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားနိုင်ရေး မည်ကဲ့သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း | ၂၉ |

| | | |
|---|---|---|
| ၁၁ | လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၄ |
| ၁၂ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဆိုက်ခေါင်အိမ်တွင်းသက်မွေးပညာသင်ကျောင်း၏ လိုအပ်နေသေးသော ဆောင်ရွက်ရန်ကိစ္စများကို ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းပေးပြီး မြန်ဆုံးဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၆ |
| ၁၃ | လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မက်မီးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၃၈ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဥ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း | ၄၂ |

## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့ အစီအစဉ်

## (၂၅ -၅-၂၀၂၀) (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ သက်တမ်း တိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၏ **အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများ ဘေးကင်း လုံခြုံရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ စဉ့်ကိုင် မဲဆန္ဒနယ်၏ **နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ပရဟိတဂေဟာ**

**အရေအတွက်နှင့် တည်ထောင် ခွင့်ပြုမိန့်ပေးရာတွင် မည်ကဲ့သို့စိစစ်၍ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၏ **အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ(International Humanitarian Law: IHL)အား အကောင်အထည်ဖော်ခြင်းအတွက် နိုင်ငံအဆင့် အမျိုးသား ကော်မတီ(National Committee) အား မြန်မာနိုင်ငံတွင် ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးတင်နု(ခ) ဦးတင်နုအောင်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိနေသည့် မြေနိမ့်ပိုင်းကျေးရွာများအား လေမုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter) များ ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေမြို့နယ်၊ နိုဖုံဘော် အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးစိန်ဗိုလ်၊ မြဝတီ မဲဆန္ဒနယ်၏ **မြဝတီမြို့နယ်၊ တောင်နီကျေးရွာ မူလတန်းကျောင်းတွင် ပျက်စီးပြုတ်ကျလျက်ရှိသော ကျောင်းမျက်နှာကြက်နှင့် ပြတင်းတံခါးတို့ကို ပြုပြင်တပ်ဆင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဒေါက်တာဦးဇော်ဝင်းမြင့်၊ စဉ့်ကူး မဲဆန္ဒနယ်၏ **စဉ့်ကူးမြို့နယ်၏ အခြေခံ ပညာဦးစီးဌာနလက်အောက်ရှိ နေ့စားလပေးရုံးဝန်ထမ်းများအား အမြဲတမ်း ဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေး မည်ကဲ့သို့ စီစဉ်ထားသည်ကို**

**သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဦးစိုင်းဥက္ကာ၊ လဲချား မဲဆန္ဒနယ်၏ **လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည်တည်ဆောက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးခွန်သန်းထူး၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဆိုက်ခေါင် အိမ်တွင်းသက်မွေး ပညာသင်ကျောင်း၏ လိုအပ်နေသေးသော ဆောင်ရွက်ရန်ကိစ္စများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဖြည့်ဆည်း ပေးပြီး အမြန်ဆုံးဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးခင်မောင်သီ၊ လှိုင်လင် မဲဆန္ဒနယ်၏ **လှိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မက်မီးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **"အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ"** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **“တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## စတုတ္ထနေ့မှတ်တမ်း

## ၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

## (၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀:၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၇၆ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့၈၇.၄၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၃)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ ယခုအစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၆ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ခုနစ်ဦးရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့်တစ်ရက်၊

(၂) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့်တစ်ရက်၊

(၃) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးအောင်လှိုင်ဝင်း ခွင့်တစ်ရက်၊

(၄) မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေး ခွင့်တစ်ရက်၊

(၅) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့်တစ်ရက်၊

(၆) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ ခွင့်တစ်ရက်နှင့်

(၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဟန်သူ ခွင့်တစ်ရက် တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၄၇ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ခုနစ်ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ခုနစ်ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏သက်တမ်းတိုးမြှင့်ခြင်းကို လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းထားသော တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏သက်တမ်းကို ၁၉-၅-၂၀၂၀ ရက်နေ့မှစ၍ ၃၁-၁-၂၀၂၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်မှာဖြစ်ကြောင်း လွှတ်တော်သို့အသိပေးကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေထုတ်ငွေသွင်းလာကြသော ပြည်သူများနှင့် ဘဏ်လုပ်ငန်းများ ဘေးကင်းလုံခြုံရေးအတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကာယ၊ စိတ္တနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ တာမွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။ ယခု ကျွန်တော်မေးမယ့်မေးခွန်းကတော့ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှာ ငွေသွင်း/ငွေထုတ်လာကြသူတွေနဲ့ ဘဏ်လုပ်ငန်းများ ဘေးကင်းလုံခြုံရေးနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံတော်ပိုင်ဘဏ်လေးခုနှင့် ပုဂ္ဂလိကဘဏ် ၂၂ ခု၊ နိုင်ငံခြားသားပိုင် ၁၃ ခုရှိရာမှာ အခုဆိုရင် အမြို့မြို့အနယ်နယ်မှာ ဘဏ်ခွဲပေါင်းများစွာနဲ့ ဘဏ်လုပ်ငန်းကိုဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ ဘဏ်များဟာ နိုင်ငံတော်ဗဟိုဘဏ်ရဲ့ရည်မှန်းချက်အတိုင်း ထိရောက်တဲ့ငွေပေးချေမှု၊ စာရင်းရှင်းလင်းမှုစနစ်များနှင့် ငွေကြေးလွယ်ကူမှု၊ ကြွေးမြီပေးဆပ်နိုင်မှု၊ ငွေကြေးစနစ်ခိုင်ခံ့မှုတိုးတက်ပေါ်ပေါက်အောင်ဆောင်ရွက်စေမှု

နှင့် အစီအစဉ်တကျဟန်ချက်ညီညီနှင့်ယှဉ်သန်သော စီးပွားရေးဖွံ့ဖြိုးမှုပေါ်ထွန်းစေရန် ငွေကြေး၊ ချေးငွေနှင့် ငွေကြေးအခြေအနေများ ကြိုးပမ်းဆောင်ရွက်ရန် စသည့်ရည်ရွယ်ချက်များအတိုင်း နိုင်ငံတော်စီးပွားရေးရဲ့ဗဟိုချက်မကြီးအဖြစ် အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍမှပါဝင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဘဏ်များ ငွေကြေးစီးဆင်းလည်ပတ်မှုရှိခြင်းဟာ တိုင်းပြည်စီးပွားရေးရဲ့ အသက်သွေးကြောကြီးလည်ပတ်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဘဏ်ရဲ့ငွေထုတ်ငွေသွင်းစနစ်များမှာ နိုင်ငံတကာနှင့်ရင်ဘောင်တန်းနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်နေတာကိုလည်းပဲ ဝမ်းမြောက်ဝမ်းသာ တွေ့ရှိနေရပါတယ်။ အထူးသဖြင့် Mobile Banking စနစ်တွေ၊ Internet Banking စနစ်တွေ၊ e-Banking စနစ်တွေနဲ့ Prepaid Card တွေ၊ Credit Card တွေနဲ့ အသုံးပြုပြီးငွေကြေးထုတ်လုပ်မှုကို လွယ်ကူအောင်ဆောင်ရွက်နေသော်လည်း ပဲ ကိုယ်တိုင်ကိုယ်ကျဘဏ်များမှာ ငွေကြေးအဝင်/အထွက်၊ အထုတ်/အသွင်းလုပ်နေတဲ့ ပုဂ္ဂိုလ်များဟာလည်းပဲ တစ်နေ့တခြားများပြားလို့ ရှိနေပါသေးတယ်။ ဒါကြောင့် ဘဏ်တွေရဲ့အရင်းအမြစ်အခြေခံနှင့် တိုင်းပြည်ရဲ့အရင်းအမြစ်အခြေခံဖြစ်တဲ့ ဘဏ်တွေငွေထုတ်/ငွေသွင်းကြတဲ့သူများနှင့် ဘဏ်လုပ်ငန်းများရဲ့လုံခြုံမှုဟာ အင်မတန်မှအရေးကြီးပါတယ်။ ကျွန်တော့်ကို Power Point သုံးခွင့်ပြုပါ။ ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ Social Media များကနေပြီးတော့မှ မြိတ်ဘဏ်ခွဲတစ်ခုမှာ ဓားကိုင်ပြီးလုယက်တဲ့အကြောင်းကို ရေးသားထားတာဖြစ်ပါတယ်။ ဒါဟာဆိုရင်လည်းပဲ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ပုသိမ်)မှာ ဘဏ်ခွဲအတွင်းမှာ မီးရှို့မှု၊ ကြံစည်မှုဖမ်းမိထားတဲ့သတင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ MRTV ကနေပြီးတော့မှ မြစ်ကြီးနားပုဂ္ဂလိကဘဏ်ခွဲတစ်ခုမှာ လုယက်နေတဲ့သတင်းဖြစ်ပါတယ်။ ဒါကတော့ မြန်မာ့စီးပွားရေးဘဏ်ခွဲ(ဗန်းမော်)မှာ ကျပ်သိန်း ၅၀ ယူဆောင်ထွက်ပြေးသွားတဲ့သတင်းဖြစ်ပါတယ်။ ဒါကတော့ မြန်မာ့စီးပွားရေးဘဏ်(ကျောက်တော်)မှာကျပ်သိန်း ၂၀၀၀ မျက်နှာဖုံးစွပ်နှစ်ဦးကနေပြီးတော့ လုယူသွားတယ်ဆိုတဲ့သတင်းဖြစ်ပါတယ်။ ဒါက အကျဉ်းချုံးပြီးတော့ တင်ပြထားခြင်းပဲဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဘဏ်များရဲ့ အသက်သွေးကြောဟာ တိုင်းပြည်ရဲ့စီးပွားရေးအသက်သွေးကြောဖြစ်တဲ့အတွက်ကြောင့် ဘဏ်တွေရဲ့ Banking စနစ်တွေ မည်မျှကောင်းအောင်ဆောင်ရွက်နေပါသော်လည်းပဲ ဘဏ်များရဲ့လုံခြုံမှုနှင့် ဘဏ်ကိုလာကြတဲ့ငွေထုတ်/ငွေသွင်းသူတွေရဲ့ လုံခြုံမှုဟာအင်မတန်အရေးကြီးပါတယ်။ ဒါကြောင့် ဒီလုံခြုံမှုများကို သက်ဆိုင်ရာဌာနများအနေနဲ့ မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလို၍ လေးစားစွာမေးမြန်းအပ်ပါသည်ခင်ဗျား။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသူများအားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံနိုင်ကြပါစေ။ ကျွန်တော်ကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌဦးစိုးမင်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတိုးဝင်းရဲ့ အစိုးရဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် ငွေသွင်း/ငွေထုတ်လာသောပြည်သူများ၏ ဘဏ်လုပ်ငန်းများဘေးကင်းလုံခြုံရေးအတွက် မည်ကဲ့သို့စီမံဆောင်ရွက်ထားသည်ကိုသိလိုခြင်းနဲ့ စပ်လျဉ်းတဲ့မေးခွန်းအပေါ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းပေါင်းစပ်ညှိနှိုင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်များရဲ့ငွေကြေးနဲ့လုပ်ငန်းပိုင်းဆိုင်ရာလုံခြုံမှုနဲ့ ငွေထုတ်/ ငွေသွင်းလာကြသောပြည်သူများ လုံခြုံမှုနဲ့ပတ်သက်ပြီးတော့ လုပ်ငန်းအစီအစဉ်များချမှတ်ခြင်း၊ ကြပ်မတ်ဆောင်ရွက်ခြင်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၁၅ ခုနှစ်ကထုတ်ပြန်ခဲ့တဲ့ ညွှန်ကြားချက်အမှတ်(၁၄/၂၀၁၅) မှာဘဏ်များရဲ့လုံခြုံရေးကို ကဏ္ဍသုံးခုခွဲပြီးတော့လိုက်နာဆောင်ရွက်ရန် အသေးစိတ်အချက်အလက်များကိုဖော်ပြခဲ့ပါတယ်။ အဲဒီအချက်အလက်တွေကတော့ ငွေသိုလှောင်ခန်းလုံခြုံရေးနဲ့စပ်လျဉ်းပြီးတော့ လိုက်နာရန်အချက်က ၁၃ ချက်၊ ငွေကြေးသယ်ယူပို့ဆောင်မှုလုံခြုံရေးနဲ့စပ်လျဉ်းပြီးတော့ လိုက်နာရန်အချက်ကငါးချက်၊ လုပ်ငန်းပိုင်းဆိုင်ရာလုံခြုံရေးနဲ့စပ်လျဉ်းတဲ့လိုက်နာရန်အချက်က ၁၂ ချက်ပါဝင်ပါတယ်။ နောက်တစ်ခါ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲနဲ့ထုတ်ပြန်တဲ့စာအရ ဘဏ်များကဘဏ်ခွဲဖွင့်လှစ်ရန်လျှောက်ထားရာမှာ ပါဝင်ရမယ့်အချက်သုံးချက်မှာ အချက်တစ်ရပ်အဖြစ် ဘဏ်ခွဲဖွင့်လှစ်ရေးအတွက်ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိကြောင်းနှင့် ဖွင့်လှစ်မည့်ဘဏ်အတွက်လုံခြုံမှုရှိကြောင်း ထောက်ခံချက်ကို ထည့်သွင်းဖော်ပြရမှာဖြစ်ပါတယ်။ ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်ရက်စွဲနဲ့ထုတ်ပြန်တဲ့ ညွှန်ကြားချက်အရ ဘဏ်များအနေနဲ့ဘဏ်ခွဲဖွင့်လှစ်ခွင့်ပြုရန် လျှောက်ထားသည့်အခါ ပြည့်စုံစွာထည့်သွင်းဖော်ပြရမည့်အချက်ခြောက်ချက်ကို ဖော်ပြခဲ့ရာမှာလည်း ဖွင့်လှစ်မည့်ဘဏ်ခွဲအတွက် စနစ်တကျရေးဆွဲထားတဲ့လုံခြုံရေးစီမံချက် ပါဝင်ရမယ်ဆိုတဲ့အချက်ပါဝင်ပါတယ်။

သို့ဖြစ်ရာ ဘဏ်ခွဲများကိုဖွင့်လှစ်ခွင့်တင်ပြစဉ်ကပင် ဘဏ်များအနေဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ဘဏ်များတောင့်တင်းခိုင်မာမှုဆိုင်ရာလိုအပ်ချက်များ (Prudential Requirements) ဖြစ်တဲ့ မတည်ငွေရင်းလုံလောက်မှု၊ ငွေဖြစ်လွယ်မှု၊ အနည်းဆုံးထားရှိရမည့် သီးသန့်ငွေလိုအပ်ချက်များ ပြည့်မီမှုများရှိရန် လိုအပ်ပြီးတော့ ဖွင့်လှစ်မယ့်ဘဏ်ခွဲများဟာ သက်ဆိုင်ရာဒေသရဲ့ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်းသုံးသပ်တင်ပြချက်အပြင် ဒေသဆိုင်ရာအာဏာပိုင်၏ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုရှိကြောင်းနဲ့ ဖွင့်လှစ်မည့်ဘဏ်ခွဲအတွက် လုံခြုံမှုရှိကြောင်းထောက်ခံချက်၊ ဘဏ်လုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ပြည့်စုံစွာတင်ပြရန် လိုအပ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်ခွဲများရဲ့စီးပွားရေးအရဖြစ်နိုင်ခြေသုံးသပ်ချက်၊ ဒေသဆိုင်ရာစီးပွားရေးအထောက်အကူပြုမှု၊ ဘဏ်လုံခြုံရေး၊ ငွေထုတ်ငွေသွင်းလာကြသောပြည်သူများနှင့် ဘဏ်လုပ်ငန်းများဘေးကင်းလုံခြုံရေးတို့ကို စီစဉ်ထားရှိခြင်းရှိ/မရှိတင်ပြချက်ကို စိစစ်သုံးသပ်ပြီးမှ ဘဏ်ခွဲများဖွင့်လှစ်ကို ခွင့်ပြုခြင်းဖြစ်ပါတယ်။

အထက်ပါညွှန်ကြားချက်များအရ ဘဏ်များအနေနဲ့ ငွေသွင်း/ငွေထုတ်လာကြတဲ့ ပြည်သူများအားလုံး ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဘဏ်လုံခြုံရေးဝန်ထမ်းများထားရှိစောင့်ကြပ်စေ ခြင်း၊ ဘဏ်အဆောက်အအုံပတ်ဝန်းကျင်နဲ့ ဝန်ဆောင်မှုပေးတဲ့နေရာဌာနများမှာ CCTV ကင်မရာများတပ်ဆင်စောင့်ကြည့်စေခြင်း၊ အဓိကဝင်ပေါက်တစ်ပေါက်သာထားပြီးတော့ Banking Hour ကုန်ဆုံးသည်နှင့်သော့ခတ်ပိတ်ခြင်း၊ ဘဏ်ဝန်ထမ်းများမှလည်း လုံခြုံရေးအတွက်ဂရုပြုစောင့်ကြပ်စေခြင်း၊ နေ့/ညလုံခြုံရေးဝန်ထမ်းများထားရှိခြင်းနှင့် လုံခြုံရေးနဲ့သက်ဆိုင်တဲ့ အဖွဲ့အစည်းများမှအခါအားလျော်စွာထုတ်ပြန်တဲ့ ညွှန်ကြားချက်များကိုလိုက်နာစေခြင်း၊ လုံခြုံရေးစီမံချက်များ ရေးဆွဲထားရှိစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ လုံခြုံရေးဝန်ထမ်းများအား နေ့/ညတာဝန်ချပြီးတော့ တာဝန်ထမ်းဆောင်မှုအခြေအနေအားပုံမှန်စစ်ဆေးဖို့ ဘဏ်ရုံးချိန်ပြင်ပမှာ အချိန်ပိုတာဝန်ထမ်းဆောင်တဲ့ကိစ္စများအတွက် ဘဏ်ရုံးချုပ်ဒါမှမဟုတ် ဘဏ်ဇုန်တာဝန်ခံရဲ့ ကြိုတင်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရန်နှင့် သတင်းပို့မှတ်တမ်းများထားရှိခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ထပ်တိုးလုံခြုံရေးအစီအစဉ်များအဖြစ် နိုင်ငံတကာဘဏ်များမှာကျင့်သုံးတဲ့ အရေးပေါ်အချက်ပေးစနစ် (Alarm Bell System) များတပ်ဆင်ထားရှိရေးအစီအစဉ်များကိုလည်း သင့်လျော်သလိုချမှတ်ကျင့်သုံးသွားစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က တိုက်တွန်းထားရှိပါတယ်။ ထို့အပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘဏ်များအားကြီးကြပ်ကွပ်ကဲရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် စည်းမျဉ်းများအား လိုက်နာဆောင်ရွက်ခြင်း

ရှိ/မရှိ ဘဏ်များသို့သွားရောက်စစ်ဆေးခြင်း (On-site Examination)နဲ့ ဘဏ်များမှပေးပို့တဲ့ အစီရင်ခံစာ(Report)များကို စိစစ်သုံးသပ်ခြင်း (Off-site Examination)တို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဘဏ်များအနေနဲ့အထက်ပါ သတ်မှတ်ချက်များနဲ့ ကိုက်ညီခြင်းရှိ/မရှိနဲ့ အားနည်းမှုရှိသည့်ကိစ္စများကို အစဉ်တစိုက်ထောက်ပြပြီးတော့ တိုးတက်ကောင်းမွန်မှုရှိစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)။** ။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါ။ စောစောက ဒုတိယဥက္ကဋ္ဌအနေနဲ့ ပြည့်ပြည့်စုံစုံဖြေကြားသွားတဲ့အတွက်လည်း အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီနေရာမှာ ဘဏ်များရဲ့လုံခြုံရေး System မှာ CCTV များ တပ်ဆင်ခြင်း၊ တံခါးတစ်ပေါက်ဖွင့်ပြီးတော့ ဆောင်ရွက်ခြင်းများကိုလည်း တွေ့ရှိရပါတယ်။ သို့သော် ကျွန်တော်တို့ ဘဏ်ကြီးတွေမှာတော့ လုံခြုံရေးအဆောက်အအုံများကိုတွေ့ရသော်လည်းပဲ အထူး သဖြင့် အစိုးရဘဏ်များရဲ့မြို့နယ်ဘဏ်ခွဲတွေမှာ လုံခြုံရေးအစောင့်အရှောက်များ မရှိသလောက် နည်းပါးတာကို တွေ့ရှိနေရပါတယ်။ ဒီဟာကိုစုံစမ်းလိုက်တဲ့အခါမှာ လုံခြုံရေးဝန်ထမ်းခန့်ထားဖို့ကို ဖွဲ့စည်းပုံမှာပါသော်လည်းပဲ လာရောက်လျှောက်ထားခြင်းမရှိကြဘူးလို့လည်း သိရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့မှ လုံခြုံရေးဝန်ထမ်းများရရှိရေးကို ပြင်ပလုံခြုံရေးကုမ္ပဏီများနှင့် ဆက်စပ်၍သော် လည်းကောင်း၊ လုံခြုံရေးဝန်ထမ်းများ ပြည့်ဝစွာရရှိရေးကို မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်မည် ဆိုတာကိုလည်းပဲ သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးစိုးမင်း(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌ ကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့က မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ယခုလုံခြုံရေးအစီအမံတွေကို ဘဏ်များက ဆောင်ရွက်နိုင်ရန်အတွက် လမ်းညွှန်ကြီးကြပ်ခြင်းကို ဆောင်ရွက်ပါတယ်။ တကယ်တမ်းကတော့ ဘဏ်တွေက ကိုယ့်ရဲ့ငွေကြေးလုံခြုံရေး၊ ဝန်ထမ်းများ လုံခြုံရေး၊ ငွေသွင်း/ငွေထုတ်ပြုတဲ့ပြည်သူများလုံခြုံရေးအတွက် ဘဏ်တွေကိုယ်တိုင်က ဆောင်ရွက် ရတာ ဖြစ်ပါတယ်။ မြန်မာ့စီးပွားရေးဘဏ်အနေနဲ့ လုံခြုံရေးဝန်ထမ်းတွေ ခန့်ထားမှုမရှိဘူးဆိုတာ ဘတ်ဂျက်ပါသော်လည်းပဲ ပုဂ္ဂလိကဘဏ်နဲ့ ပုဂ္ဂလိကလုံခြုံရေးကုမ္ပဏီများနဲ့ ဆောင်ရွက်ဖို့ဆိုတဲ့ကိစ္စ မှာတော့ ဘတ်ဂျက်အကန့်အသတ်ရှိတယ်။ ဝန်ထမ်းတွေရဲ့ ခန့်ထားမှု စည်းမျဉ်းအကန့်အသတ်များ

ရှိတယ်ဆိုတဲ့အကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ဘဏ်တွေကတော့ မိမိတို့ရဲ့လုံခြုံရေးကို မိမိတို့ ဆောင်ရွက်နိုင်ဖို့အတွက် ဗဟိုဘဏ်က ကြီးကြပ်ဆောင်ရွက်ခြင်းသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ပရဟိတဂေဟာအရေအတွက်နှင့် တည်ထောင်ခွင့်ပြုမိန့်ပေးရာတွင် မည်ကဲ့သို့စိစစ်၍ ကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ကြည်မို့မို့လွင်(စဉ့်ကိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး ကံကောင်းခြင်းများစွာ ပိုင်ဆိုင်နိုင်ပါစေ။ ကျွန်မက စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်ဖြစ်ပြီးတော့ နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ကလေးသူငယ်စောင့်ရှောက်ရေးပရဟိတဂေဟာများနှင့်စပ်လျဉ်း၍ မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့နိုင်ငံမှာ ၂၀၁၉ ခုနှစ်စာရင်းဇယားများအရ လူဦးရေစုစုပေါင်း ၅၄ သန်းကျော်ရှိသည့်အနက် ၂၀၁၉ ခုနှစ်၊ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေအရ ကလေးသူငယ်ဦးရေမှာ ၁၇ သန်းကျော်ရှိနေပါတယ်။ ၎င်းတို့အနက်မှ မိဘမဲ့ကလေးများ ပဋိပက္ခဖြစ်ပွားလျက်ရှိသော တိုင်းရင်းသားဒေသများရှိကလေးများ၊ လမ်းပျော်ကလေးများနှင့် မသန်စွမ်းကလေးများစသည်ဖြင့် ကူညီစောင့်ရှောက်ရန်လိုအပ်နေသော ကလေးသူငယ်များလည်း ရှိပါတယ်။ ဒီလိုကလေးသူငယ်များကို ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေပုဒ်မ ၁၄ ပုဒ်မခွဲ(ခ)အရ တည်ထောင်ထားသော အစိုးရရဲ့စောင့်ရှောက်ရေးဂေဟာများ၊ ပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)အရဖွဲ့စည်းတည်ထောင်ထားသော ပုဂ္ဂလိကအဖွဲ့အစည်းများရဲ့ပရဟိတဂေဟာများ၊ ဘုန်းတော်ကြီးများနှင့် သီလရှင်ဆရာကြီးများမှ စောင့်ရှောက်ပေးထားသောဂေဟာများအစရှိသဖြင့် အသီးသီးစောင့်ရှောက်ပညာသင်ကြားပေးလျက်ရှိပါတယ်။ ထို့အပြင် ပရဟိတလုပ်ရှားဆောင်ရွက်သူများအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းဖြင့်ဖြစ်စေ ထပ်မံဖွင့်လှစ်စောင့်ရှောက်မှုပေးနေသော ပရဟိတဂေဟာများကိုလည်း နေရာအနှံ့အပြားမှာ တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မတို့ ပြည်သူ့လွှတ်တော် အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနရဲ့ ကလေးပြုစုရေးဌာနများကို ကွင်းဆင်းလေ့လာခဲ့ပါတယ်။ ကလေးများကို စနစ်တကျပြုစုပျိုးထောင်နေတာကို တွေ့ရှိရပါတယ်။ ထို့အပြင် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကလေးမွေးစားလိုသူမိသားစုများထံ ကလေးမွေးစားခွင့်ပြုပေးခြင်း၊ အရွယ်ရောက်လာတာနှင့်အမျှ အတန်းပညာ၊ အသက်မွေးဝမ်းကျောင်းပညာများကို သင်တန်းကျောင်းများသို့ လွှဲပြောင်းပေးပို့သင်ကြားပေးခြင်းများဖြင့် ကလေးများရဲ့အနာဂတ်ကို စနစ်တကျစီမံဆောင်ရွက်နေတာကို လေ့လာသိရှိရလို့ ကျေနပ်အားရမိပါတယ်။ သို့ပါသော်လည်း ကလေးပြုစုရေးဌာနတွေမှာ အများအားဖြင့် ကလေးဦးရေဟာ ၂၀ ဦးမှ ၅၀ ဦးခန့်ရှိပြီးတော့ တချို့ပုဂ္ဂလိက၊ ပရဟိတဂေဟာတွေမှာတော့ ကလေးဦးရေ ၄၀၀ ဦး၊ ၅၀၀ ဦး၊ ၆၀၀ ဦးကျော်အထိရှိနေတာကို တွေ့မြင်ကြားသိနေရပါတယ်။ ဘာကြောင့်ဖြစ်နိုင်ပါသလဲ။ အကြောင်းအရင်းမှန်ကို သေချာစွာလေ့လာသုံးသပ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပရဟိတဂေဟာများရဲ့ သဘောသဘာဝအရ အလှူရှင်များကိုသာ မှီခိုအားထားနေရတာမို့ ပြည့်စုံတဲ့ဂေဟာများရှိသလို ချို့တဲ့မှု၊ လိုအပ်မှုများစွာရှိနေတဲ့ဂေဟာများလည်းရှိပါတယ်။ လသားအရွယ်၊ နှစ်သားအရွယ်ကလေးများအတွက်က နို့မှုန့်ဖိုး၊ အဝတ်အစားဖိုး လောက်သာကုန်ကျမှာဖြစ်လို့ အလှူငွေနှင့်လောက်ငှနေသေးရင်တောင်မှ ကလေးကြီးပြင်းလာတာနှင့်အမျှ ပညာရေး၊ ကျန်းမာရေးကုန်ကျစရိတ်များဟာ ပိုမိုများပြားလာမှာဖြစ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်များကိုတော့ အလှူရှင်များကို ဖိတ်ခေါ်အလှူခံနေကြရတာမို့လို့ Online၊ Media များမှတစ်ဆင့် ပြည်သူအများမြင်တွေ့သိရှိနိုင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာချို့တဲ့မှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရမှု၊ အကြမ်းဖက်ခံရမှုများရှိ/မရှိကိုတော့ အုတ်အော်သောင်းတင်းဖြစ်ရပ်များမှလွဲပြီးတော့ သိရှိနိုင်ဖို့ခက်ခဲလှပါတယ်။ အာဆီယံဒေသဆိုင်ရာကလေးသူငယ်များအပေါ် အကြမ်းဖက်ခြင်း ပပျောက်ရေးလုပ်ငန်းစီမံချက်မှာ ဒီလိုမိဘအရင်းမဟုတ်တဲ့သူတွေနဲ့ အတူနေထိုင်တဲ့ကလေးသူငယ်များနှင့် အခြားနည်းဖြင့်ပြုစုစောင့်ရှောက်သည့်နေရာများမှ ကလေးတွေဟာ အန္တရာယ်ပိုမိုကျရောက်နိုင်သောကလေးအုပ်စုများထဲမှ ပါဝင်နိုင်ကြောင်းဖော်ပြထားလို့ ပိုမိုအလေးထားစောင့်ရှောက်ပေးဖို့လိုအပ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပရဟိတဂေဟာတွေမှာ ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေပါ ကလေးသူငယ်များရဲ့ရပိုင်ခွင့်အခွင့်အရေးများ၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာအခွင့်အရေးများရရှိခံစားနိုင်ခြင်းရှိ/မရှိ၊ ကလေးများရဲ့အနာဂတ်အတွက် စီမံထားနိုင်ခြင်းရှိ/မရှိ လေ့လာစုံစမ်းပြီးတော့ ကူညီထောက်ပံ့လမ်းညွှန်မှုပေးခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာဌာနက

လွှဲပြောင်းလက်ခံပေးခြင်းစသည်ဖြင့် သင့်လျော်သော အစီအမံများဖြင့် ကူညီထောက်ပံ့ပေးသင့်ပါတယ်။ ဒါ့အပြင် ကလေးတွေကိုပျိုးထောင်ရာမှာ ၎င်းတို့ရဲ့ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အတွေ းအခေါ်ပိုင်းဆိုင်ရာနဲ့ ပညာရေးတို့ မှန်ကန်စွာဖွံ့ဖြိုးတိုးတက်စေဖို့ နည်းစနစ်မှန်ကန်စွာစီမံ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ပရဟိတဂေဟာတည်ထောင်သူများကို သင်တန်းပေးခြင်း၊ ကြီးကြပ်လမ်းညွှန်မှုပြုခြင်းများဖြင့် ကူညီထောက်ပံ့သင့်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံဟာ CRC ကို လက်မှတ်ရေးထိုးထားတဲ့နိုင်ငံဖြစ်တာနှင့်အညီ ပဉ္စမအကြိမ်မြောက်နှင့် ဆဋ္ဌမအကြိမ်မြောက် ပူးတွဲအစီရင်ခံစာကို တင်သွင်းဖို့လည်းရှိနေပါတယ်။ အင်္ဂလန်နိုင်ငံအခြေစိုက် Save the Children အဖွဲ့ရဲ့ End of Childhood Index 2017 အစီရင်ခံစာမှာ ကလေးသူငယ်အခွင့်အရေးကာကွယ်စောင့်ရှောက်ရာတွင် နိုင်ငံပေါင်း ၁၇၂ နိုင်ငံနဲ့ မြန်မာနိုင်ငံဟာ အဆင့်(၁၁၂)ဖြစ်တယ်လို့ ဖော်ပြထားတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ပိုမိုအားစိုက်ဆောင်ရွက်ဖို့လိုနေပါတယ်။ သို့ဖြစ်ပါ၍ ကျွန်မတို့နိုင်ငံရဲ့ လူသားအရင်းအမြစ်များဖြစ်တဲ့ ကလေးသူငယ်များကို ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေအရ ကလေးများရဲ့ အကောင်းဆုံးအကျိုးကျေးဇူးများ ရရှိခံစားနိုင်စေရန်ရည်ရွယ်၍ မြန်မာနိုင်ငံအတွင်းရှိ အစိုးရပိုင်နဲ့ ပုဂ္ဂလိကစောင့်ရှောက်ရေးဂေဟာအရေအတွက် မည်မျှရှိပြီး မည်ကဲ့သို့စိစစ်၍ တည်ထောင်ခွင့်ပြုမိန့်ပေးနေသည်နှင့် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဦးစိုးအောင်ဖြစ်ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်မှ (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့

ဆက်လက်ထားရှိတဲ့ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကြည်မို့မို့လွင်၏ နိုင်ငံတစ်ဝန်းလုံးတွင် တည်ထောင်ဖွင့်လှစ်ထားသော ပရဟိတဂေဟာ အရေအတွက်မည်မျှရှိကြောင်း၊ မည်ကဲ့သို့ စိစစ်၍ တည်ထောင်ခွင့်ပြုမိန့်ပေးကြောင်းနှင့် မည်ကဲ့သို့ ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိလိုခြင်းမေးခွန်းနဲ့စပ်လျဉ်း၍ ရှင်းလင်းဖြေကြားမှာဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ လုပ်ငန်း တာဝန်ကြီး(၇)ရပ်တွင် စေတနာ့ဂန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးလုပ်ငန်းတစ်ခုအပါအဝင်ဖြစ်တဲ့အတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်တဲ့ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ မသန်စွမ်းဂေဟာ၊ ဘိုးဘွားရိပ်သာနှင့် အမျိုးသမီးဂေဟာများသို့ သတ်မှတ်နှုန်းထားများနှင့်အညီ ထောက်ပံ့ပေးလျက်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ တည်ထောင်ခွင့်ပြုမိန့်ရရှိထားသော ဂေဟာများအနေနဲ့ ဌာနမှ ထောက်ပံ့မှု ယူသောဂေဟာ ၂၃၁ ခု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့မှုယူသော ဂေဟာ ၁၀ ခု၊ ကလေးဦးရေ နည်းပါးတဲ့အတွက် ဆန္ဒအရထောက်ပံ့မှုမယူသော ဂေဟာနှစ်ခုနှင့် ဦးစီးဌာနကစစ်ဆေးစဉ် ကလေးမရှိခြင်း၊ သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့် မညီခြင်းတို့ကြောင့် ယာယီရပ်ဆိုင်းဂေဟာရှစ်ခု စုစုပေါင်းဂေဟာ ၂၅၁ ခုရှိပြီး တည်ထောင်သူတို့ ၏ဆန္ဒနှင့် စံချိန်စံညွှန်းနှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် တည်ထောင်ခွင့်ပြုမိန့် လျှောက်ထားခြင်းမရှိသော ဂေဟာ ၁၈၁ ခု ရှိပါတယ်။ အဆိုပါပရဟိတဂေဟာများအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ထုတ်ပြန်ထားတဲ့ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခွင့်ပြုမိန့် မှတ်ပုံတင်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းလမ်းညွှန်ပါ တင်ပြပါစည်းကမ်းချက်ငါးချက်နဲ့ ညီညွတ် ပါက တည်ထောင်ခွင့်ပြုမိန့်ပြုနိုင်ရန်အတွက် သက်ဆိုင်ရာလူမှုဝန်ထမ်းရုံးမှတစ်ဆင့် လုပ်ထုံး လုပ်နည်းနှင့်အညီ လူမှုဝန်ထမ်းဦးစီးဌာနရုံးချုပ်သို့ တင်ပြရမှာဖြစ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနရဲ့ တည်ထောင်ခွင့်ပြုမိန့်ရရှိထားတဲ့ ပရဟိတဂေဟာများသို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများမှ တာဝန်ရှိသူများကသွားရောက်၍ ကြီးကြပ်စစ်ဆေးခြင်း၊ နှစ်စဉ်တိုင်းဒေသကြီး/ပြည်နယ်အချင်းချင်း အပြန်အလှန်တာဝန်ပေး စစ်ဆေး ခြင်းများဆောင်ရွက်၍ စိစစ်တင်ပြလာမှုများအား ဦးစီးဌာန(ရုံးချုပ်)က ထပ်မံစိစစ်၍ စည်းကမ်းချက် များနဲ့ကိုက်ညီတဲ့ ပရဟိတဂေဟာများကို သတ်မှတ်အဆင့်အလိုက် ထောက်ပံ့ပေးလျက်ရှိပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနက ထုတ်ပြန်ထားသော ဂေဟာ/သင်တန်းကျောင်းများတွင် အနိမ့်ဆုံးရရှိမည့်

ပြုစုစောင့်ရှောက်ခြင်းနဲ့ အကာအကွယ်ပေးခြင်းဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ကလေးသူငယ်များ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအခြေအနေများကို တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးက စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်း၊ လိုအပ်တဲ့အကြံဉာဏ်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိပါတယ်။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ ပုဒ်မ ၁၅ ပုဒ်မခွဲ(က)အရ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှာ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ တည်ထောင်ဖွင့်လှစ်ခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာကိုထုတ်ပြန်၍ ယခင်ကလေးသူငယ်ဥပဒေ ၁၉၉၃ ပုဒ်မ ၆၃ အရ လူမှုဝန်ထမ်းဦးစီးဌာနတွင် မှတ်ပုံတင်ထားတဲ့ ပရဟိတဂေဟာနှင့် ယာယီစောင့်ရှောက်ရေးဂေဟာများ၊ တည်ထောင်ခွင့်ပြုမိန့် လုံးဝလျှောက်ထားခြင်းမရှိသေးသော တည်ထောင်ဆဲ သို့မဟုတ် တည်ထောင်ဖွင့်လှစ်ထားတဲ့ ပရဟိတဂေဟာနှင့်ယာယီစောင့်ရှောက်ရေးဂေဟာများအားလုံးက ခြောက်လအတွင်း လူမှုဝန်ထမ်းဦးစီးဌာနသို့ တည်ထောင်ခွင့်ပြုမိန့်များ ပြန်လည်လျှောက်ထားရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါသော်လည်း လတ်တလော COVID-19 ရောဂါဖြစ်ပွားနေတဲ့ကာလဖြစ်သဖြင့် စာရင်းကောက်ယူပြုစုနိုင်ခြင်းမရှိသေးပါ။ တည်ထောင်ခွင့်ပြုမိန့်မရှိပဲ ပရဟိတဂေဟာ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာ တစ်ခုခုကို တည်ထောင်ဖွင့်လှစ်လျှင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေပုဒ်မ ၁၀၁ ပုဒ်မခွဲ(က)အရ ထိုသူကို အနည်းဆုံးလေးလမှ အများဆုံးတစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်လေးသိန်းမှ အများဆုံး ကျပ်ခြောက်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ကြောင်းကို ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နောက်ဆုံးအခြေအနေနဲ့ ပရဟိတဂေဟာများကို စနစ်တကျနဲ့ ထူထောင်နိုင်ဖို့အတွက်နဲ့ ကြီးကြပ်နိုင်ဖို့အတွက်ကို ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာဥပဒေတွေထဲမှာ ထည့်သွင်းထားကြောင်းတင်ပြအပ်ပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနဟာ ပရဟိတဂေဟာများနှင့်ပတ်သက်၍လည်း သင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ရန်ကုန်မြို့ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းနဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များမှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသင်တန်း၊ ကလေးသူငယ်အခွင့်အရေးများ ဆိုင်ရာသဘောတူစာချုပ်နှင့် ဥပဒေသင်တန်း၊ သက်ငယ်မုဒိမ်း အသိပညာပေးသင်တန်း၊ မသန်စွမ်းသူများအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်သင်တန်း၊ ကျား/မအခြေပြုအကြမ်းဖက်မှုသင်တန်းများကိုလည်း နှစ်စဉ်ဖွင့်လှစ်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မေးခွန်း

မူကြမ်း

နှင့်စပ်လျဉ်း၍ ဂေဟာကြီးကြပ်မှုကော်မတီများက အနီးကပ်ကြီးကြပ်၍ သက်ဆိုင်ရာလူမှုဝန်ထမ်းများရဲ့ရုံးများက ပုံမှန်ကြီးကြပ်ခြင်း၊ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာဂေဟာကြီးကြပ်မှုကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် လက်ရှိကျွန်တော်တို့ နည်းဥပဒေရေးဆွဲနေစဉ်ကာလအတွင်းမှာလည်း ဝန်ကြီးဌာနက အမိန့်ညွှန်ကြားချက်များထုတ်ပြန်၍ လုပ်ငန်းများလျင်မြန်စွာ အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(International Humanitarian Law-IHL) အား အကောင်အထည်ဖော်ခြင်းအတွက် နိုင်ငံအဆင့်အမျိုးသားကော်မတီ(National Committee) အား မြန်မာနိုင်ငံတွင် ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လွိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ လွိုင်ကော်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူ ဖြစ်ပါတယ်ရှင်။ ကျွန်မကို Power Point နဲ့ ပြသခွင့်ပြုပါရှင်။ ကျွန်မမေးမယ့်မေးခွန်းကတော့ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ(International Humanitarian Law-IHL)ကို အကောင်အထည်ဖော်ရာမှာ နိုင်ငံအဆင့်အမျိုးသားကော်မတီအား မြန်မာနိုင်ငံမှာဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိဆိုတာ ဖြစ်ပါတယ်။ နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်တဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၉ ခုနှစ် ဂျီနီဗာသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အပြင် IHL အခြားစာချုပ်တွေ၊ ၁၉၅၄ ခုနှစ် ဟိတ်သဘောတူညီချက်၊ ၁၉၈၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာသဘောတူစာချုပ်၊ ၂၀၀၀ ပြည့်နှစ်မှာ လက်နက်ကိုင်ပဋိပက္ခမှာ ကလေးသူငယ်များပါဝင်ခြင်းဆိုင်ရာ နောက်ဆက်တွဲသဘောတူညီချက်နှင့် ၁၉၇၂ ခုနှစ် လက်နက်ဆိုင်ရာသဘောတူညီချက်၊ ဓာတုလက်နက်သဘောတူညီစာချုပ်ကို ၁၉၉၃ ခုနှစ်မှာ ချုပ်ဆိုထားတဲ့အပြင် ၂၀၁၇ ခုနှစ်မှာ နျူကလီးယားလက်နက်များတားဆီးပိတ်ပင်တဲ့ သဘောတူစာချုပ်တို့ကိုလည်း စာချုပ်ဝင်အဖြစ် ပါဝင်ခဲ့ပါတယ်။ အမျိုးသားကော်မတီဖွဲ့စည်းခြင်းအားဖြင့် IHL ကို လက်တွေ့အကောင်အထည်ဖော်ရာမှာ နိုင်ငံရေးအရဆန္ဒရှိမှု(Political Willingness)ကို ကျွန်မတို့နိုင်ငံက နိုင်ငံတကာကို ပြသရာရောက်ပါတယ်။ နောက်တစ်ခုကကျတော့ National Committee

ကို အစိုးရအဖွဲ့၊ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးနိုင်တာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကို ဒီအမျိုးသား ကော်မတီက အထောက်အကူပြုနိုင်တဲ့အချက်အလက်တွေက အောက်ပါအတိုင်း ဖြစ်ပါတယ်။ စာချုပ်ဝင်နိုင်ငံတစ်နိုင်ငံရဲ့အခြေခံအကျဆုံးတာဝန်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ နိုင်ငံတကာသဘောတူ စာချုပ်များကို တရားဝင်မြန်မာဘာသာဖြင့် ပြန်ဆိုဖော်ခြင်း လုပ်ရပါတယ်။ ၁၉၄၉ ခုနှစ် ဂျီနီဗာ သဘောတူညီချက်အပါအဝင် တခြားစာချုပ်တွေက ဥပမာဖြစ်ပါတယ်။ အဓိကလိုက်နာဖို့ သက်ဆိုင်သူများသာမက အများပြည်သူများအပေါ် အသိပညာပြန့်ပွားရေးအတွက် ထိရောက်စွာ ဆောင်ရွက်ဖို့နည်းလမ်းတွေ အကြံပြုနိုင်ပါတယ်။

သဘောတူညီချက်များက အကောင်အထည်ဖော်ရာမှာ ပြည်တွင်းဥပဒေပြဋ္ဌာန်းရန်လို/မလို၊ ဖြည့်ဆည်းရန်လို/မလိုကိုလည်း အကြံပြုနိုင်ပါတယ်။ IHL အောက်မှာရှိတဲ့ တခြားနိုင်ငံတကာ သဘောတူညီချက်စာချုပ်နဲ့ ပါဝင်ရန်သင့်/မသင့်ကို မျက်မှောက်ကမ္ဘာ့အခြေအနေအပေါ်မူတည်ပြီး နိုင်ငံတော်အကျိုးစီးပွားအတွက်ယှဉ်ပြီး စိစစ်သုံးသပ်အကြံပြုနိုင်ပါတယ်ရှင်။ စစ်မက်ပဋိပက္ခမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကာအကွယ်ပေးတဲ့ ကြက်ခြေနီအမှတ်အသားကို အပြည်ပြည်ဆိုင်ရာဥပဒေနဲ့ ပြည်တွင်းဥပဒေပြဋ္ဌာန်းချက်နှင့်အညီ နည်းလမ်းတကျအသုံးပြုစေရေး နှင့် အလွဲသုံးစားမပြုစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ လှုပ်ရှားမှု(Campaign)ကို ထိရောက်စွာပညာရေးရာမှာလည်း ဦးဆောင်နိုင်ပါတယ်။ ယဉ်ကျေးမှုအဆောက်အအုံတွေ၊ အမွေ အနှစ်တွေကို အကာအကွယ်ပေးနိုင်တဲ့ နည်းစနစ်ကိုလည်းအကြံပေးနိုင်ပါတယ်။ လေးစားလိုက်နာ ရန် ချိုးဖောက်မှုကို ကာကွယ်ဖို့ IHL ကို သင်ကြားရေးမှာလည်း အကြံပေးနိုင်ပါတယ်။ ချိုးဖောက်မှု အတွက် ထိရောက်တဲ့အရေးယူမှုချမှတ်ကျင့်သုံးရေးကိုလည်း အကြံပြုနိုင်ပါတယ်။ ဥပဒေများ ပြဋ္ဌာန်းခြင်းအပြင် အများလိုက်နာကျင့်သုံးရန်အတွက် စောင့်ကြည့်ချက်နဲ့ ဖွံ့ဖြိုးရေးမှာ ပါဝင် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကို ဒီဥပဒေဆိုင်ရာ IHL ကိုတော့ Power Point မှာ ပါတဲ့အတိုင်းပဲ အရေးကြီးတာကတော့ ဒီဟာက Public International Law ရဲ့အစိတ်အပိုင်းဖြစ်တယ်။ လက်နက်ကိုင်ပဋိပက္ခကာလ ပါဝင်ခြင်းမရှိတဲ့သူ မပါဝင်လိုတော့တဲ့သူတွေကို စောင့်ရှောက်ပေးတဲ့ စည်းမျဉ်းဖြစ်တယ်။ နောက်ပြီးတော့ စစ်ဘေးဆိုင်ရာဥပဒေဖြစ်ကြောင်းကို တင်ပြလိုပါတယ်။ သူရဲ့အဓိကကတော့ လူသားချင်းစာနာမှု(Humanity)နဲ့ Military Necessity (စစ်ရေးဆိုင်ရာ လိုအပ်ချက်)တွေကို နှစ်ခုကြားမှာ ဟန်ချက်ညီညီထိန်းပေးနိုင်တဲ့ဥပဒေဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်မှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ ကယားပြည်နယ်၊ လွိုင်ကော် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ခင်စည်သူရဲ့ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဥပဒေ(International Humanitarian Law-IHL)အား အကောင် အထည်ဖော်ခြင်းအတွက် နိုင်ငံအဆင့်အမျိုးသားကော်မတီ(National Committee)အား မြန်မာ နိုင်ငံတွင်ဖွဲ့စည်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ မရှိပါက အဘယ်ကြောင့်နည်းနှင့် ရှိပါက မည်သည့် အခြေအနေအဆင့်တွင်ရှိနေကြောင်း သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန ကိုးခု၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ကော်မရှင်တစ်ခုနှင့် ဗဟိုဌာနတစ်ခုတို့ရဲ့ဖြေကြားချက်များ၊ အကြံပြုချက်များကို ပေါင်းစပ်ပြီး ကျွန်တော့်အနေနဲ့ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါ တယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တင်ပြချက်များပါ ဘာသာရပ်ဆိုင်ရာများတွင် အင်္ဂလိပ်ဘာသာအသုံး အနှုန်းများ သုံးစွဲခွင့်ပြုနိုင်ပါရန်နှင့် အချက်အလက်များပြည့်စုံစွာဖြေကြားနိုင်ရေးအတွက် အချိန်ပို မိနစ်အနည်းငယ်ခန့် ထပ်ဆောင်းခွင့်ပြုပေးနိုင်ပါရန်နှင့် Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်၏မေးခွန်းနှင့်စပ်လျဉ်းပြီး တင်ပြပါဌာနများက အစိုးရဌာန၊ ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဌာနများက ရှင်းလင်းဖြေကြားချက်များနှင့် အကြံပြု ချက်များကို ရယူပေါင်းစပ် ဖြေကြားထားခြင်းဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာ ထောက်ထားမှုဥပဒေ(International Humanitarian Law-IHL)အား ၁၈၆၄ ခုနှစ် ပထမအကြိမ် Geneva Convention စတင်ပြဋ္ဌာန်းတဲ့အချိန်မှစပြီး အပြည်ပြည်ဆိုင်ရာဥပဒေရဲ့အစိတ်အပိုင်းတစ်ခု အဖြစ် ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေ အား အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံများက ဦးစွာဦးဆောင်အကောင်အထည်ဖော် ရမည်ဖြစ်သော်လည်း စစ်ပွဲပဋိပက္ခများ ပါဝင်ကြတဲ့နိုင်ငံများနဲ့ အခြားလက်နက်ကိုင်အဖွဲ့အစည်း များက IHL ဆိုင်ရာ အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်တာဝန်ရှိပါတယ်။ Geneva

Convention ဘုံပြဋ္ဌာန်းချက် အပိုဒ်(၁)နှင့် နောက်ဆက်တွဲသဘောတူညီချက်(၁) အပိုဒ်(၁)တို့တွင် IHL စာချုပ်ဝင်နိုင်ငံများဟာ IHL ပါ အခြေခံစည်းမျဉ်းစည်းကမ်းများကို မည်သည့်အခြေအနေတွင်မဆို လိုက်နာရန်တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပါတယ်။ ထို့ကြောင့် နိုင်ငံများက IHL ဆိုင်ရာအခြေခံ စည်းမျဉ်းစည်းကမ်းများအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေများ ပြဋ္ဌာန်းခြင်း၊ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒနှင့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းစသည်တို့ကို ဆောင်ရွက်ရန်တာဝန်ရှိပါတယ်။ IHL အား ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် ပထမအဆင့်အနေဖြင့် IHL ဆိုင်ရာသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခြင်းနှင့် အတည်ပြုခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်မှာ ဖြစ်ပါတယ်။ ထိုမှတစ်ဆင့် သဘောတူညီချက်များအား ပြည်တွင်းဥပဒေအဖြစ် ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် နိုင်ငံရဲ့ဥပဒေမူဘောင်နဲ့အညီ ပြည်တွင်းဥပဒေများ ပြဋ္ဌာန်းသတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အထောက်အကူပြုနိုင်ရေးအတွက်ကိုလည်း အမျိုးသားအဆင့် IHL Committee ဒါမှမဟုတ် Commission တစ်ရပ် ဖွဲ့စည်းရန်လိုအပ်မှာ ဖြစ်ပါတယ်။ လက်ရှိအားဖြင့် အပြည်ပြည်ဆိုင်ရာလူသားချင်းစာနာထောက်ထားမှုဥပဒေကို သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများအနေဖြင့် မိမိတို့ရဲ့သက်ဆိုင်ရာကဏ္ဍအလိုက် လေ့လာဖတ်ရှုအသုံးပြုနိုင်ရေးအတွက်ကိုသာ မြန်မာဘာသာသို့ အလွတ်သဘောပြန်ဆိုထားရှိမှုများကိုသာ လေ့လာသိရှိရပြီး တရားဝင်ဘာသာပြန်ဆိုထားမှုမရှိသေးကြောင်း တင်ပြလိုပါတယ်။

IHL နဲ့ပတ်သက်လို့ Focal Ministry တစ်ခု သတ်မှတ်ပေးတယ်ဆိုလို့ရှိရင် အဲဒီ Focal Ministry အား IHL ရဲ့ဘာသာပြန်ဆိုမှုတွေ ဆောင်ရွက်ပြီးတော့မှ ဆက်လက်ပြီးတော့မှ ပြည်တွင်းဥပဒေအဖြစ် ပြောင်းလဲနိုင်ဖို့အတွက်က ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ IHL အား ၁၉၄၉ ခုနှစ် Geneva Convention နဲ့ ယင်းရဲ့နောက်ဆက်တွဲ Protocols များရဲ့အဓိကကျတဲ့အစိတ်အပိုင်းဖြစ်ပြီး လူသားချင်းစာနာမှုလိုအပ်ချက်နှင့် စစ်ရေးဆိုင်ရာလိုအပ်ချက်ဟူသော အခြေခံကျတဲ့ မူဝါဒသဘောတရားနှစ်ရပ်ကြား ဟန်ချက်ညီအောင် ထိန်းညှိပေးတဲ့ဥပဒေဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ Slide ထဲမှာလည်း ပါဝင်ပြီးဖြစ်ပါတယ်။ Geneva Convention လေးရပ်မှာ တင်ပြပါအတိုင်းဖြစ်ပြီးတော့မှ ၁၉၉၂ ခုနှစ်မှာ မြန်မာနိုင်ငံက အတည်ပြုပါဝင်ပြီး ဖြစ်ပါတယ်။ ယင်းနောက် IHL အား ပိုမိုကျယ်ပြန့်စေရန်အတွက် ပြဋ္ဌာန်းထားတဲ့ Geneva Convention ရဲ့ နောက်ဆက်တွဲသဘောတူညီချက်သုံးခုမှာ ပထမအချက်အနေနဲ့ နိုင်ငံများအကြားဖြစ်ပွားတဲ့ နိုင်ငံတကာပဋိပက္ခများရဲ့အကျိုးဆက်ကို ခံစားရသူများအား ကာကွယ်စောင့်ရှောက်မှုပေးခြင်းဖြစ်ပြီး ဒုတိယအနေနဲ့ ပြည်တွင်းပဋိပက္ခများရဲ့အကျိုးဆက်ကို ခံစားနေရသူများအား ကာကွယ်

စောင့်ရှောက်မှုပေးခြင်းဖြစ်ကာ တတိယအချက်ကတော့ သိသာထင်ရှားတဲ့အမှတ်တံဆိပ်သတ်မှတ်အသုံးပြုရေး အတည်ပြုခြင်းတို့ဆိုင်ရာသဘောတူညီချက်များဖြစ်ပြီး မြန်မာနိုင်ငံအနေနဲ့ အဆိုပါနောက်ဆက်တွဲသဘောတူညီချက်သုံးခုလုံးကို အတည်ပြုပါဝင်ထားခြင်းမရှိသေးကြောင်း တင်ပြအပ်ပါတယ်။

IHL အကောင်အထည်ဖော်မှု အမျိုးသားကော်မတီအကြောင်းကို လေ့လာရန်အတွက် အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာသို့ လွှတ်တော်နှင့် အစိုးရဌာနဆိုင်ရာများပါဝင်သော မြန်မာကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)အကူအညီဖြင့် လေ့လာရေးခရီးသွားရောက်ခြင်း၊ IHL Event Briefing Session ကို လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် ကျင်းပပြုလုပ်ခြင်း၊ IHL နှင့်ပတ်သက်တဲ့ နိုင်ငံတကာအစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များတက်ရောက်ရန် စီစဉ်ပေးခြင်း၊ ပထမအကြိမ် ဝန်ကြီးဌာနများအကြား လူသားချင်းစာနာထောက်ထားမှုဥပဒေနှင့်ပတ်သက်တဲ့ အသိပညာပေးတဲ့ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ လက်ရှိအချိန်မှာ IHL အကောင်အထည်ဖော်ရေးဆိုင်ရာ နိုင်ငံအဆင့် အမျိုးသားကော်မတီဖွဲ့စည်းဆောင်ရွက်ထားရှိတဲ့နိုင်ငံပေါင်း ၁၁၂ နိုင်ငံတည်ရှိသော်လည်း အာဆီယံနိုင်ငံများမှာ မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့သာ နိုင်ငံအဆင့်အမျိုးသားကော်မတီအား ဖွဲ့စည်းထားရှိပြီး ၎င်းနိုင်ငံများသည်လည်း Geneva Convention ကို လက်မှတ်ရေးထိုးထားပြီး ယင်းရဲ့ Protocols များကို အတည်ပြုပါဝင်ခြင်းမရှိသေးပါ။ မြန်မာနိုင်ငံတွင် IHL အကောင်အထည်ဖော်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီဖွဲ့စည်းဆောင်ရွက်ခြင်းမရှိသေးသော်လည်း တပ်မတော်အနေဖြင့်လည်း အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC)ရဲ့အကူအညီထောက်ပံ့မှုများဖြင့် IHL ဆိုင်ရာအသိပညာတိုးပွားရေးအတွက် အရာရှိများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ရက်တိုသင်တန်းများသို့ တက်ရောက်စေခြင်း၊ သင်တန်းကျောင်းများမှာ ဘာသာရပ်တစ်ခုအနေနဲ့ ထည့်သွင်းပို့ချခြင်း၊ ဌာနချုပ်တပ်ရင်း/တပ်ဖွဲ့များသို့ IHL အသိပညာပေးဆွေးနွေးခြင်းများကို လစဉ်ပုံမှန်ဆောင်ရွက်ခြင်း၊ IHL နှင့် ပြည်တွင်းဥပဒေများကို အခြေခံရေးဆွဲထားတဲ့ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ(Rules of Engagement-ROE)ကို အိတ်ဆောင်ကတ်များဖြင့် ထုတ်ဝေပေးကာ အလေးထားလိုက်နာစေရန် ကြပ်မတ်ဆောင်ရွက်ခြင်း၊ စစ်ပွဲဆိုင်ရာဥပဒေအခြေခံမူသဘောတရားများ၊ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း၊ ရာဇသတ်ကြီး၊ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်

လျက်ရှိပြီး ကျူးလွန်ချိုးဖောက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။

ဒါ့အပြင် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်မှုအနေနဲ့ ဒုတိယသမ္မတ(၁) ဥက္ကဋ္ဌအဖြစ်ဦးဆောင်တဲ့ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကိုဖွဲ့စည်းထားရှိပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကိုလည်းကောင်း၊ ဒုတိယသမ္မတ(၂) ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ အမျိုးသားသဘာဝဘေးဆိုင်ရာစီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပြီးတော့မှ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုတွေပေးခြင်း ဒီလုပ်ငန်းတွေကိုလည်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် တိုက်ပွဲများနှင့် လူမှုပဋိပက္ခများကြောင့် ဘေးသင့်သူများကိုလည်း ထောက်ပံ့ကူညီမှုပေးရာမှာ ဘက်လိုက်မှုမရှိစေရေး၊ လူ့ဂုဏ်သိက္ခာထိခိုက်မှုမရှိစေရေးတို့ကို လိုက်နာဆောင်ရွက်လျက်ရှိတဲ့အပြင် နိုင်ငံတကာမှ အလေးထားဆောင်ရွက်လျက်ရှိတဲ့ မည်သူမှမချန်လုပ်စေရေး၊ မိမိဆောင်ရွက်မှုကြောင့် နစ်နာမှုမရှိစေရေး(No One Left Behind နဲ့ Do No Harm)မူဝါဒများနှင့်အညီ အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေရန်အတွက် ညီလာခံများ၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်လျက်ရှိပါကြောင်းနှင့် Geneva Convention Protocols များကို အတည်ပြုပါက ယင်းပါအချက်များအတိုင်း လိုက်နာကျင့်သုံးရမည်ဖြစ်သဖြင့် လတ်တလောအချိန်တွင် အတည်ပြုပါဝင်ရန် အဆင်ပြေမှုမရှိသေးသည့်အခြေအနေဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို ဦးစားပေးဆောင်ရွက်ပြီး အချိန်အခါကျရောက်သည့်အချိန်တွင် အမျိုးသားအကျိုးစီးပွားနှင့် ကိုက်ညီပါက Protocols များသို့ အတည်ပြုပါဝင်ရေးအတွက် စဉ်းစားနိုင်မှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အမျိုးသားအဆင့်ကော်မတီအား သီးခြားဖွဲ့စည်းထားခြင်းမရှိသော်လည်း နယ်မြေဒေသနှင့် ဖြစ်ပေါ်လာနိုင်သောအခြေအနေများအပေါ်မူတည်ပြီးတော့မှ အမျိုးသားအဆင့်၊ ပြည်ထောင်စုအဆင့်ကော်မတီများဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဥပဒေပြဋ္ဌာန်းပြီးမှ ယင်းဥပဒေနှင့်အညီ အမျိုးသား

မူကြမ်း

ကော်မတီကို ဖွဲ့စည်းနိုင်မည်ဖြစ်ပါကြောင်းနှင့် လတ်တလောအားဖြင့် ပြည်သူများနှင့် ပါဝင်ပတ်သက်သူများကို အသိပညာပေးခြင်းအစီအစဉ်များကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးရှင့်။ အခု ဒုတိယဝန်ကြီးဖြေသွားတဲ့ စုံစုံလင်လင်ရှိမှုကို ကျွန်မ အများကြီးကျေးဇူးတင်ပါတယ်။ မသိသေးတဲ့ဟာတွေလည်း သိရတဲ့အတွက် အရမ်းဝမ်းမြောက်မိပါတယ်ရှင်။ ကျွန်မတစ်ခုပြောချင်တာက ဒုတိယဝန်ကြီးဖြေသွားတဲ့အခါမှာ Slide-6 မှာလားမသိပါဘူး။ သူပြောသွားတာက IHL ဆိုင်ရာ သဘောတူညီစာချုပ်လက်မှတ်ရေးထိုးမယ်။ အတည်ပြုမယ်။ ပြည်တွင်းမှာ ဥပဒေပြဋ္ဌာန်းမယ်။ ပြီးလို့ရှိရင် အဲဒီပြဋ္ဌာန်းဖို့အတွက်ကို အမျိုးသားကော်မတီလိုပါတယ်လို့တော့ Slide-6 မှာ ပြောသွားတာ တွေ့ရပါတယ်ရှင့်။ နောက်ဆုံးအဖြေကျတော့ နိုင်ငံတော်ရဲ့အခြေအနေအရ ငြိမ်းချမ်းရေးကိစ္စတွေ၊ ပဋိပက္ခတွေကို အရင်ဖြေရှင်းပြီးမှ အမျိုးသားကော်မတီကို ဖွဲ့မယ်ဆိုတာလေး စဉ်းစားပေးမယ်ဆိုတာလေးကိုတော့ ပြောသွားပါတယ်။ ဖွဲ့မယ်တော့ မဟုတ်ပါဘူး။ စဉ်းစားပေးနိုင်ပါတယ်လို့ ပြောသွားပါတယ်ရှင့်။ အဲဒီနှစ်ခုက အပေါ်နဲ့အောက်ဆုံး Slide-6 နဲ့က နည်းနည်းကွဲလွဲနေတာ သိရပါတယ်။ အဲဒါလည်း ရှင်းရှင်းလင်းလင်း သိချင်ပါတယ်ရှင်။ နောက်တစ်ခုကတော့ Protocols သုံးခုကို လက်မှတ်မထိုးရသေးဘူးလို့ ပြောပါတယ်ရှင်။ အဲဒီ Protocols တွေကို ကျွန်မတို့ လက်မှတ်ထိုးဖို့ ပြောတာလည်း မဟုတ်ပါဘူး။ နောက်တစ်ခုကျတော့ ကျွန်မတို့ကော်မတီက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနကလုပ်နေတဲ့ Social ကော်မတီတွေကလည်း အခု ကျွန်မရဲ့လက်နက်ကိုင်ပဋိပက္ခမေးခွန်းနဲ့က နည်းနည်းကွဲလွဲနေတာ တွေ့ရပါတယ်။ ကျွန်မမေးတာက လက်နက်ကိုင်ပဋိပက္ခဖြစ်တာနဲ့ဆိုင်တဲ့ International Humanitarian Law ကို ပြောတာပါ။ ကော်မတီဖွဲ့တာနဲ့တော့ နည်းနည်းလွဲနေပါတယ်လို့ ကျွန်မ နည်းနည်းထောက်ပြချင်ပါတယ်။ နောက်တစ်ခုက ကျွန်မအနေနဲ့ကတော့ အခုကျွန်မမေးတဲ့မေးခွန်းက အခုရင်ဆိုင်နေရတဲ့ ပစ်ခတ်မှုတွေ၊ နောက်တစ်ခုက အမျိုးသားရင်ကြားစေ့ရေးတွေ၊ ပြည်သူလူထုတွေ၊ စစ်ထဲမှာ တိုက်နေတဲ့လူတွေ၊ အနာတရဖြစ်တဲ့လူတွေ၊ ပါဝင်ပတ်သက်ခြင်းမရှိတဲ့လူတွေ၊ နောက်ပြီးတော့ ယဉ်ကျေးမှုဆိုင်ရာအဆောက်အဦတွေအားလုံး ကာကွယ်နိုင်တဲ့ဥပဒေကို ဖော်ဆောင်ရွက်ဖို့ အမျိုးသားကော်မတီတစ်ရပ်လိုတာကို ကျွန်မမေးခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီလို ကွဲလွဲနေတဲ့

အတွက် ကျွန်မအနေနဲ့ ရှင်းရှင်းလင်းလင်းသိချင်ပါတယ်ရှင်။ နောက်တစ်ခုကတော့ ဒီအဖွင့်နဲ့ အပိုဒ်၊ နံပါတ်(၆)နဲ့ နောက်ဆုံးက ဥပဒေပြဋ္ဌာန်းပြီးမှ ကော်မတီကိုဖွဲ့မယ်လို့ ပြောတာပေါ့နော်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ပြန်လည်ဖြေကြားနိုင်က ဖြေကြားပေးပါရန် ဖြစ်ပါတယ်။

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအပိုဒ်အနေနဲ့ အပိုဒ်(၆)မှာပါတဲ့ ကော်မရှင်နဲ့ ကော်မတီဖွဲ့ဖို့ဆိုတဲ့ အမျိုးသားအဆင့်ကော်မတီတစ်ရပ်ဖွဲ့စည်းဖို့ လိုအပ်ပါတယ်ဆိုတဲ့စာက ကျွန်တော်ဖြေကြားတဲ့အဓိပ္ပာယ်ကတော့ ဒီဥပဒေရေးဆွဲနိုင်ဖို့အတွက်ဆိုလို့ရှိရင် အမျိုးသားအဆင့် အနေနဲ့ ကော်မတီတစ်ရပ် ဖွဲ့စည်းဖို့လိုအပ်တာကို ပြောကြားခြင်းဖြစ်ပါတယ်။ IHL နဲ့ ပတ်သက်တဲ့ ဥပဒေရေးဆွဲနိုင်ဖို့ဆိုလို့ရှိရင် သက်ဆိုင်ရာဝန်ကြီးဌာနတစ်ခုခုကို Focal Ministry သတ်မှတ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီ Focal Ministry ကနေ ဦးဆောင်ပြီးတော့မှ ပါဝင်ပတ်သက်တဲ့၊ စောစောက ကျွန်တော်တင်ပြခဲ့တဲ့ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ ၁၁ ခု ရှိပါတယ်။ အဲဒီလို ပုံစံမျိုးနဲ့ စုပေါင်းပြီးတော့မှ ဖွဲ့စည်းမယ်။ အဲဒီလို အမျိုးသားကော်မတီကို ဖွဲ့စည်းပြီးတော့မှ ဥပဒေ တစ်ရပ်ကို ရေးဆွဲနိုင်ဖို့ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလို ရေးဆွဲလိုက်တဲ့ အခါကျတော့ အဲဒီဥပဒေထဲမှာမှ အမျိုးသားကော်မတီဖွဲ့စည်းခြင်းဆိုတာကို ပါဝင်လာမှာ ဖြစ်ပါ တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်ကြီးရှင်းလင်းအောင် ဖြေကြားရမယ်ဆိုလို့ရှိရင် ပထမဦးစွာ ဒီဥပဒေရေးဆွဲရေးအတွက်ကို အပိုဒ်(၆)က စကားလုံးတစ်လုံးကျန်ခဲ့တာဖြစ်ပါတယ်။ ဒီဥပဒေရေးဆွဲရေးအမျိုးသားကော်မတီ ဖွဲ့စည်းဖို့ဖြစ်ကြောင်း၊ အဲဒီဖွဲ့စည်းပြီးတော့မှ ဥပဒေတစ်ရပ် ကို ရေးဆွဲမယ်။ ရေးဆွဲလိုက်တဲ့အခါကျမှ အဲဒီဥပဒေထဲမှာမှ အမျိုးသားကော်မတီကို ထည့်သွင်း ပြီးတော့မှ ဖော်ပြမယ်ဆိုတဲ့အကြောင်း ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိနေသည့် မြေနိမ့်ပိုင်းကျေးရွာများအား လေမုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter)များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးတင်နု(ခ)ဦးတင်နုအောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးတင်နု(ခ)ဦးတင်နုအောင်(မာန်အောင်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ) ဦးတင်နုအောင်ပါ။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိနေတဲ့ မြေနိမ့်ပိုင်းကျေးရွာများကို လေမုန်တိုင်းဒဏ်ခံ(Cyclone Shelter)အဆောက်အဦများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီ Cyclone Shelter တွေနဲ့ပတ်သက်လို့ ကျွန်တော် ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့မှာ ပြည်သူ့လွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ဖူးပါတယ်။ ကျွန်တော်တို့ မာန်အောင်ကျွန်းဟာ ဘင်္ဂလားပင်လယ်အော်ထဲမှာရှိတဲ့ ကျွန်တစ်ကျွန်းဖြစ်ပြီး ပင်လယ်ရေပတ်လည်ဝိုင်းလျက်ရှိပါတယ်။ ကျွန်းပေါ်မှာ ကျေးရွာ ၁၃၇ ရွာနဲ့ မြို့ပေါ် ငါးရပ်ကွက်ရှိပါတယ်။ လူဦးရေအားဖြင့် ၆၅၀၀၀ ကျော် နေထိုင်လျက်ရှိပါတယ်။ လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းဟာ ပင်လယ်ကမ်းခြေကျေးရွာတွေမှာ နေထိုင်လျက်ရှိပြီး ကျေးရွာ ၂၂ ရွာဟာ ပင်လယ်ရေပြင်အထက် လေးပေမှ ခြောက်ပေအမြင့်မှာ ရှိနေကြပါတယ်။ အဲဒီရွာတွေထဲက ရွာရှစ်ရွာနဲ့ မြို့ပေါ်ရပ်ကွက်အချို့ကို ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်းမှာ Cyclone Shelter တွေကို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးခဲ့ပြီးဖြစ်လို့ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၃၆ ခုနှစ် မေလ ၁၇ ရက်နေ့က ကျွန်တော်တို့မာန်အောင်ကျွန်းမှာ တစ်နာရီကို မိုင် ၁၃၀ ကျော်တဲ့ လေမုန်တိုင်းတိုက်ခတ်ခဲ့တဲ့အတွက်ကြောင့် လူဦးရေ ၁၄၄ ယောက် သေခဲ့ရပါတယ်။ ကျေးရွာများစွာ ပျက်စီးခဲ့ရပါတယ်။ အနှစ် ၁၀၀ မှာ ဒီလိုလူသတ်မုန်တိုင်းကြီးတွေဟာ တစ်ကြိမ်စီတိုက်လျက်ရှိတယ်လို့ သိရပါတယ်။ အနှစ် ၁၀၀ ပြည့်ခါနီးပြီမို့ အထူးသတိထားပြီး ကြိုတင်ပြင်ဆင်မှုတွေ ကြိုလုပ်ထားဖို့ လိုအပ်နေပါတယ်။ တစ်နေ့တစ်ချိန်မှာ သေချာပေါက် လေမုန်တိုင်းကြီးတွေ ကျရောက်လာနိုင်တဲ့အတွက် ပင်လယ်ကမ်းခြေမြေနိမ့်ပိုင်းမှာ ကျန်ရှိနေသေးတဲ့ ခုံရွာ၊ ပြားကြီး၊ မျှော်တော်ဦး၊ တောရွာ၊ မိန်းမကြွယ်၊ ကမား၊ ကမဝ၊ ပလ္လင်ရွာမ၊ ပလ္လင်ဇလပ်ကုန်း၊ သာယာကုန်းနဲ့ ရဲကျွန်းမြောက်ရွာတွေမှာ မုန်တိုင်းဒဏ်ခံနိုင်တဲ့

အဆောက်အဦတွေကို ကြိုတင် ဆောက်ထားဖို့ လိုအပ်ပါပြီ။ ပြည်သူတွေကလည်း ကျွန်တော်နဲ့တွေ့တိုင်း သက်ဆိုင်ရာကို တင်ပြ ပေးဖို့ တောင်းဆိုကြတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိပြီး မြေနိမ့်ပိုင်းမှာ ကျန်ရှိနေတဲ့ ခုံရွာ၊ ပြားကြီး၊ မျှော်တော်ဦး၊ တောရွာ၊ မိန်းမကြွယ်၊ ကမား၊ ကမဝ၊ ပလ္လင်ရွာမ၊ ပလ္လင်ဇလပ်ကုန်း၊ သာယာကုန်းနဲ့ ရဲကျွန်းမြောက်ရွာတွေမှာ လေမုန်တိုင်းခံ(Cyclone Shelter)များ နောက်ထပ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် ပြည်သူများရဲ့ကိုယ်စား မေးမြန်း ခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးအောင်(ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်(၁၅)ကြိမ်မြောက် ပုံမှန် အစည်းအဝေးမှ (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ ဆက်လက်ထားရှိတဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်နု(ခ)ဦးတင်နုအောင်၏ မာန်အောင်မြို့နယ်ရှိ ပင်လယ်ကမ်းခြေနှင့် နီးကပ်စွာတည်ရှိနေတဲ့ ပင်လယ်ကမ်းခြေ မြေနိမ့်ပိုင်း ကျေးရွာများအား လေမုန်တိုင်းဒဏ်ခံအဆောက်အဦ(Cyclone Shelter)များ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဖြေကြားချက်များကို ပေါင်းစပ်ပြီး ကျွန်တော့်အနေနဲ့ ဆက်လက်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဧရာဝတီတိုင်း ဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ဟာ နှစ်စဉ်မုန်တိုင်းဒဏ်ခံစားနေရတဲ့အတွက် မုန်တိုင်းအန္တရာယ် ကျရောက်လာပါက ပြည်သူများ အသက်ဘေးမှ ရှောင်တိမ်းခိုလှုံနိုင်ရေးအတွက် မုန်တိုင်းဒဏ်ခံ စာသင်ကျောင်းများ၊ အသက်ကယ်ကုန်းမြင့်များကို ခေတ်အဆက်ဆက်က ဆောင်ရွက်ပေးခဲ့ပါ တယ်။ မြန်မာနိုင်ငံတွင် နှစ်စဉ် မုန်တိုင်းဒဏ်ခံစားရနိုင်ခြေများပြားတဲ့ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှာ မုန်တိုင်းဒဏ်ခံအဆောက်အဦများ၊ မုန်တိုင်းဒဏ်ခံစာသင်ကျောင်းများကို

ဒေသ၏လိုအပ်ချက်များအပေါ် မူတည်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေ၊ ပြည်ထောင်စုနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဘဏ္ဍာရန်ပုံငွေ၊ ပြည်တွင်းပြည်ပအလှူရှင်များရဲ့ လှူဒါန်းမှုတို့ဖြင့် နှစ်စဉ်တိုးချဲ့ တည်ဆောက်ပေးလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်အတွင်းမှာ ၂၀၀၈ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း ကျွန်တော်တို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရယ်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့ ဘတ်ဂျက်နဲ့ လှူဒါန်းမှုများဖြင့် Shelter စုစုပေါင်း ၁၆ လုံးကို တည်ဆောက်ပေးခဲ့ပါတယ်။ ဒီ့အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကနေပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ အမျိုးသားသဘာဝဘေးစီမံခန့်ခွဲမှုကော်မတီရဲ့ လမ်းညွှန်မှုနဲ့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ ရန်ပုံငွေကနေပြီးတော့မှ စုစုပေါင်း ငွေကျပ် ၈၀၈၆.၆၃၆ သန်းဖြင့် Shelter စုစုပေါင်း ၄၁ လုံးကိုလည်းတည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ယနေ့အချိန်အထိ ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၁ မြို့နယ်ရှိကျေးရွာ ၅၇ ရွာမှာ Shelter ၅၇ လုံးကို တည်ဆောက်ပေးနိုင်ခဲ့ပါတယ်။ အဆိုပါ Shelter ၅၇ လုံးအနက် မာန်အောင်မြို့နယ်အတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ကုန်းတန်းရွာတောင်ပိုင်းနဲ့ ဇီးတောကျေးရွာတို့မှာလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ မြို့မရပ်ကွက်ရယ်၊ ပုတ်ချောင်းကျေးရွာ၊ ပန်းဖဲကျေးရွာ၊ ရေမျက်ဝကျေးရွာ၊ ရန်အောင်မြင်ရပ်ကွက်၊ ကျီးချောင်းဝကျေးရွာ၊ သိမ္ဗလကျေးရွာနှင့် ကျူးကျေးရွာတို့မှာ Shelter တစ်လုံးစီဖြင့် စုစုပေါင်း ၁၀ လုံးကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေကနေပြီးတော့ စုစုပေါင်း ကျပ် ၂၁၈၆.၈၄၀ သန်းဖြင့် အကုန်ကျခံပြီးတော့မှ တည်ဆောက်ပေးထားတာ ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းနှင့်စပ်လျဉ်း၍ မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် Shelter များထပ်မံလိုအပ်မှုအခြေအနေနဲ့ လိုအပ်မှုရှိပါက အဆိုပါကျေးရွာများရဲ့ လူဦးရေ၊ တည်ဆောက်ပြီးဖြစ်တဲ့ Shelter များနဲ့အကွာအဝေး၊ တည်ဆောက်ရန်လျာထားတဲ့ Shelter များသို့ သွားရာလမ်းကြောင်းအခြေအနေ၊ မြေနေရာစီစဉ်ဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့အပေါ် မှာမူတည်ပြီး ထည့်သွင်းတွက်ချက်ကာ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မာန်အောင်မြို့နယ်အတွင်းရှိ ကျေးရွာ၊ ရပ်ကွက် ၁၁ နေရာအတွက် Cyclone Shelter လိုအပ်မှုအခြေအနေကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အညီ ဦးစားပေးအလိုက် လာမည့်ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ချီဖွေမြို့နယ်၊ နိုဇုန်ဘော်အထက်တန်းကျောင်းခွဲကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ချီဖွေမြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်းနှင့် အထက်တန်းကျောင်း(ခွဲ)တစ်ကျောင်းရှိပါတယ်။ ချီဖွေမြို့နယ်သည် တောင်ဘက်မှာမြောက်ဘက်သို့ လက်ရှိသွားလာနေသော ခရီးလမ်းသည် မိုင်ပေါင်း ၁၂၀ ကျော်ခန့် ရှည်လျားပါတယ်။ ချီဖွေမြို့နယ်တွင် အထက်တန်းကျောင်းနှစ်ကျောင်းသည် တောင်ဘက်ခြမ်းချီဖွေမြို့နယ်နှင့် ပန်ဝါမြို့တွင်သာရှိပြီး ချီဖွေမြို့နယ်၏ မြောက်ဘက်ခြမ်းတွင်ရှိသော နိုဇွန်ဘော်အထက်တန်းကျောင်း(ခွဲ)သည် အဆိုပါအထက်တန်းကျောင်းနှစ်ကျောင်းနှင့် မိုင် ၁၀၀ ခန့် ဝေးကွာပါတယ်။ အဲဒီနိုဇွန်ဘော်အထက်တန်းကျောင်း(ခွဲ)သည် အထက်တန်းကျောင်းအဆင့်သို့တိုးမြှင့်ဖွင့်လှစ်ရန် လိုအပ်မည့်အဆောက်အဦနှင့် ကျောင်းအင်္ဂါရပ်များလည်း ပြည့်စုံစွာဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့် နိုဇွန်ဘော်အထက်တန်းကျောင်း(ခွဲ)ကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို ဒေသခံပြည်သူများ၏ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များအားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ရဲ့မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေး

ဝန်ကြီးဌာနအနေနဲ့ မည်သည့်ခွဲခြားမှုမျှမရှိဘဲ၊ တစ်ဦးတစ်ယောက်မျှမကျန်ရှိစေဘဲ၊ ကျောင်းထွက်သူ မရှိစေရေးတို့အတွက် ကျောင်းနေအရွယ်ကလေးအားလုံး အရည်အသွေးရှိသော ပညာသင်ယူခွင့် ရရှိရေးကို ဦးတည်ပြီးတော့မှ ကြိုးပမ်းပြုပြင်ပြောင်းလဲအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ယခုပြန်လည်ဖွင့်လှစ်မည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် ၂၀၂၀ ပြည့်နှစ် မေလမှာ အခြေခံပညာကျောင်းပေါင်း စုစုပေါင်း ၃၈၅၁ ကျောင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာ ကျောင်းအဆင့်အသီးသီးကို အဆင့်တိုးမြှင့်သတ်မှတ်ပေးပြီးဖြစ်ပါတယ်။ ဒီလိုတိုးမြှင့် ဆောင်ရွက် ပေးတဲ့အခါမှာ ကချင်ပြည်နယ်မှာ စုစုပေါင်းကျောင်း ၁၁၃ ကျောင်းပါဝင်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်းနှစ်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း နှစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲနှစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းခုနစ်ကျောင်းပါဝင်ပါတယ်။

အခြေခံပညာအထက်တန်းကျောင်းခွဲကနေ အခြေခံပညာအထက်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ပေးဖို့အတွက် သတ်မှတ်ချက်မူကတော့ အထက်တန်းအဆင့်သင် ကျောင်းသား ကျောင်းသူ ၂၀၀ ဦးထက်ရှိခြင်း သို့မဟုတ် မြေပြန့်ဆိုလို့ရှိရင် အထက်တန်းကျောင်းနှင့် မြေပြန့်ရောက် သွားလာရေးခက်ခဲတဲ့ တောင်တန်းထူထပ်တယ်။ မြစ်ချောင်းပေါများတဲ့ဒေသတွေမှာဆိုလို့ရှိရင် အနီးဆုံးအထက်တန်းအဆင့်ကျောင်းနှင့် ၁၀ မိုင်ကွာဝေးခြင်းဆိုတဲ့ မူတွေနှင့် တိုးမြှင့်ဆောင်ရွက် ပေးပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာတော့ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်း ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးမှာတော့ ကျောင်းနေအရွယ်ကလေးတွေပညာသင်ယူမှု အခွင့်အလမ်းရရှိဖို့အတွက် ပိုမိုလိုအပ်နေတာဖြစ်တဲ့အတွက် အဲဒီဖော်ပြတဲ့တိုင်းဒေသကြီး/ပြည်နယ် တွေမပါဘဲ ကျန်တဲ့တိုင်းဒေသကြီး/ပြည်နယ်တွေမှာဆိုရင်တော့ သက်တမ်းတိုးထားတဲ့ နှစ်နှစ် သက်တမ်းရှိရမယ်။ သတ်မှတ်ချက်နှင့်ကိုက်ညီတယ်ဆိုလို့ရှိရင် အထက်တန်းကျောင်းအဆင့်တိုးပေး ပါကြောင်း တင်ပြအပ်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမြို့နယ် ကျောင်းအမည် နိုဇွန်ဘော်အခြေခံ ပညာအထက်တန်းကျောင်း(ခွဲ)မှ သက်တမ်းခြောက်နှစ်ရှိပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်စာရင်း အရ အထက်တန်းအဆင့်ပညာသင်ယူနေတဲ့ ကျောင်းသားကျောင်းသူ ၁၀၉ ဦး ရှိပါတယ်။ သို့သော် အနီးဆုံးအထက်တန်းအဆင့်သင်ကျောင်းပန်ဝါ အခြေခံပညာအထက်တန်းကျောင်းနှင့် မိုင် ၁၀၀ ခန့် ကွာဝေးပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားဦးရေ သတ်မှတ်ချက်ပြည့်မီမှုမရှိပါဘူး။ သို့သော် ကျောင်းရဲ့ သက်တမ်းက အထက်တန်းကျောင်း(ခွဲ)ဖြစ်တာ ခြောက်နှစ်ရှိပါပြီ။ ခရီးအကွာအဝေး မိုင် သတ်မှတ်ချက်အရ ကိုက်ညီပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ချီဖွေမြို့နယ် နိုဇွန်ဘော်

အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ဟာ သတ်မှတ်ချက်နှင့်ကိုက်ညီမှုရှိတဲ့အတွက်ကြောင့်မို့လို့ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်မှာ အထက်တန်းကျောင်းအဆင့်တိုးမြှင့်တဲ့ ၁၆၁ ကျောင်းစာရင်းမှာ ထိပ်ဆုံးကပါဝင်ပြီးဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ရှိပါတယ်။

**မြဝတီမြို့နယ်၊ တောင်နီကျေးရွာ မူလတန်းကျောင်းတွင် ပျက်စီးပြိုတ်ကျလျက်ရှိသော ကျောင်းမျက်နှာကြက်နှင့် ပြတင်းတံခါးတို့ကို ပြုပြင်တပ်ဆင်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးစိန်ဗိုလ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိန်ဗိုလ်(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်ဖြစ်ပါတယ်။ ကျွန်တော် ယနေ့မေးမယ့်မေးခွန်းကတော့ မြဝတီခရိုင်၊ မြဝတီမြို့နယ်၊ တောင်နီကျေးရွာအစိုးရမူလတန်းကျောင်းတွင် ပျက်စီးလျက်ရှိတဲ့ ကျောင်းမျက်နှာကြက်နှင့် ကျောင်းပြတင်းတံခါးတို့ကို ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါကတော့ တောင်နီကျေးရွာအစိုးရမူလတန်းကျောင်းလေးရဲ့ အဝင်ဆိုင်းဘုတ်ဖြစ်ပါတယ်။ ဒါကတော့ စာသင်ခန်းအတွင်းမှာတွေ့နေရတဲ့ ကျောင်းမျက်နှာကြက်ပျက်စီးနေပုံ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းအပြင်ဘက်မှာ ပျက်စီးလျက်ရှိတဲ့ မျက်နှာကြက်များဖြစ်ပါတယ်။ ဒါကတော့ စာသင်ခန်းအတွင်းမှာ ပျက်စီးယိုယွင်းနေတဲ့ မျက်နှာကြက်များဖြစ်ပါတယ်။ ဒါကတော့ ကျောင်းအပြင်မှာ ပျက်စီးတဲ့မျက်နှာကြက်များဖြစ်ပါတယ်။ ဒါကတော့ ကျောင်းပြတင်းမှာ တံခါးရွက်တပ်ဆင်ထားခြင်းမရှိတဲ့ ပြတင်းများဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြဝတီခရိုင်၊ မြဝတီမြို့နယ်ဟာ မြန်မာ-ထိုင်းနိုင်ငံ ကို သောင်ရင်းမြစ်က နယ်နိမိတ်အဖြစ်ပိုင်းခြားထားပါတယ်။ သောင်ရင်းမြစ်ကမ်းတစ်လျှောက်မှာ ကျေးရွာများစွာရှိပါတယ်။ မြဝတီမြို့တောင်ဘက် ကီလိုမီတာ ၅၀ အကျော်အကွာအဝေး DKBA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဌာနချုပ်အခြေစိုက်ရာ ဆုံဆည်းမြိုင်ကျေးရွာရှိပါတယ်။ ဆုံဆည်းမြိုင်ကျေးရွာနဲ့ တောင်နီကျေးရွာဟာဆိုရင် နှစ်ကီလိုမီတာကွာဝေးပါတယ်။ ဆုံဆည်းမြိုင်ကျေးရွာဟာ မြဝတီ-ဝါလေလမ်းပေါ်မှာရှိပြီး ဒီဒေသဟာ ယခင်က လမ်းပန်းဆက်သွယ်ရေးအလွန်ခက်ခဲပြီး သွားမယ်ဆိုရင် ညဥ့်အိပ်နေ့နေသွားကြရတာဖြစ်ပါတယ်။ လေးစားအပ်ပါသော

ဥက္ကဋ္ဌကြီးခင်ဗျား။ DKBA နယ်မြေဒေသမှာတော့ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားစတဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရကဆောင်ရွက်ခွင့်ရှိပါတယ်။ ဒီလိုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို DKBA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကကြိုဆိုပါတယ်။ ဒါကြောင့်လည်း ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတားများ ဖွံ့ဖြိုးတိုးတက်လာတာကို ကျွန်တော်တို့တွေ့ရပြီဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ ကျောက်ခက်ကျေးရွာ၊ တောင်နီကျေးရွာ၊ ဆုံဆည်းမြိုင်ကျေးရွာ၊ ဝါးမီးထကျေးရွာ၊ ဥက္ကရစ်ထ စတဲ့ကျေးရွာများမှာ အစိုးရစာသင်ကျောင်းများဖွင့်လှစ်ထားပြီး သားငယ်သမီးငယ်များဟာ အိုးမကွာ အိမ်မကွာစာသင်ကြားခွင့်ရနေကြပြီဖြစ်ပါတယ်။ ဆုံဆည်းမြိုင်တိုက်နယ်ဆေးရုံ(ဝါးမီးထ)လည်း တည်ဆောက်ဖွင့်လှစ်ထားပြီးဖြစ်လို့ ဒေသခံကျန်းမာရေးစောင့်ရှောက်မှုများလည်း ရနေကြပြီ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမှာတော့ ယခင်က ညဥ့်အိပ်နေ့နေသွားနေကြရတဲ့ လမ်းခရီး ဟာ ယခုဆိုလျှင် မြဝတီ-ဝေါလေ ၈၀ ကီလိုမီတာရှိတဲ့ ကွန်ကရစ်လမ်းမကြီးဖွင့်လှစ်ပြီးဖြစ်လို့ နာရီပိုင်းလောက်နဲ့ သွားနိုင်ကြပါပြီ။ ဒါကတော့ ဒီ DKBA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရဲ့ ဒေသ ဖွံ့ဖြိုးရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ပူးပေါင်းဆောင်ရွက်တဲ့ အကျိုးကျေးဇူးပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်နီကျေးရွာကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးအပြီး ၂၀၁၇ ခုနှစ်မှာ တောင်နီကျေးရွာကိုရောက်ရှိသွားပါတယ်။ တောင်နီကျေးရွာ အစိုးရမူလတန်းကျောင်းမှာ ပျက်စီးနေတဲ့မျက်နှာကြက်နဲ့တံခါးရွက် တပ်ဆင်မထားတဲ့ ပြတင်းပေါက်တို့ကို ပြုပြင်ပေးပါရန် တောင်နီကျေးရွာတာဝန်ခံက တင်ပြပါတယ်။ ဒီကိစ္စကို မြို့နယ် ပညာရေးမှူးဖြင့် ပြင်ဆင်ပေးဖို့ ညှိနှိုင်းဆောင်ရွက်ခဲ့ပါတယ်။ ယခုမေးခွန်းမေးတဲ့အချိန် ၁၄-၁၁-၂၀၁၉ ရက်နေ့ထိ ပြင်ဆင်ထားခြင်းမရှိသေးပါဘူး။ သို့ပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်များကိုယ်စား အထက်ပါမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဗိုလ်ရဲ့ မြဝတီမြို့နယ်၊ တောင်နီကျေးရွာအခြေခံပညာမူလတန်း ကျောင်းမှာ ပျက်စီးပြုတ်ကျလျက်ရှိသော ကျောင်းမျက်နှာကြက်နှင့် ပြတင်းတံခါးတို့ကို ပြန်လည်

ပြုပြင်တပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိ၊ ပြုပြင်တပ်ဆင်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ရန်ပုံငွေခွဲဝေပေးမှုမှာ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်အတွင်းမှ အန္တရာယ်ရှိကျောင်းဆောင်အားဖျက်သိမ်း၍ အသစ်ဆောက်လုပ်ရန်တစ်ကျောင်း၊ တိုးချဲ့အသစ်ဆောက်လုပ်ရန် ခြောက်ကျောင်း၊ ဝန်ထမ်းအိမ်ရာဆောက်လုပ်ရန်တစ်ကျောင်း စုစုပေါင်းရှစ်ကျောင်းအတွက် ငွေကျပ်သန်းပေါင်း ၁၀၈၃ ခွဲဝေဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ တောင်နီကျေးရွာအခြေခံပညာမူလတန်းကျောင်းမှာ (၁၂၀ x ၃၀ ပေ) RC တစ်ထပ်ဆောင်သာရှိပြီးတော့ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်စာရင်းအရ ကျောင်းသားကျောင်းသူစုစုပေါင်း ၁၀၂ ဦးရှိတာကို စိစစ်တွေ့ရှိရပါတယ်ခင်ဗျား။ ဒါကြောင့်မို့လို့ အဲဒီ RC တစ်ထပ်ကျောင်းဆောင်မှာ ပျက်စီးနေတဲ့ ပြတင်းတံခါး၊ မျက်နှာကြက်ပြုပြင်တပ်ဆင်ပေးဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးကနေပြီးတော့မှ အခုလိုမျိုး ပြန်လည်ပြင်ဆင်ပေးနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ခြင်းကို ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ အထူးကျေးဇူးတင်ရှိပါတယ်။ ဒီပျက်စီးနေတဲ့ ပြတင်းတံခါးနဲ့ မျက်နှာကြက်တွေကိုလည်းပဲ ပြုပြင်တပ်ဆင်ပေးဖို့အတွက် လိုအပ်တဲ့ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်ရဲ့ ပြင်ဆင်ထိန်းသိမ်းရေးစရိတ် (04 02) အဆောက်အအုံရန်ပုံငွေ ခေါင်းစဉ်အောက်ကနေ လုပ်ထုံးလုပ်နည်းနဲ့အညီ ပြင်ဆင်ဆောင်ရွက်နိုင်ဖို့အတွက် ငွေကျပ်ငါးသန်း(ကျပ်သိန်း ၅၀) ခွဲဝေဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ခွဲဝေဆောင်ရွက်ပေးတဲ့ ကျပ်သိန်း ၅၀ နဲ့ ပြုပြင်ဆောင်ရွက်ပြီးစီးရမယ့်အချိန်ကတော့ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့မတိုင်မီ ဒီလုပ်ငန်းကိုအပြီးဆောင်ရွက်ရမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**စဉ့်ကူးမြို့နယ်၏ အခြေခံပညာဦးစီးဌာနလက်အောက်ရှိ နေ့စားလပေးရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားနိုင်ရေး မည်ကဲ့သို့စီစဉ်ထားသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ စဉ့်ကူးမဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာဇော်ဝင်းမြင့်(စဉ့်ကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များအားလုံး ကျန်းမာချမ်းသာကြပါစေကြောင်း လေးစားစွာဖြင့် ဦးစွာဆုတောင်းမေတ္တာများ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက် အရ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၏အခြေခံပညာဦးစီးဌာနလက်အောက် နေ့စားလပေးရုံးဝန်ထမ်းများအား အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်ထားနိုင်ရေးနှင့်ပတ်သက်တဲ့မေးခွန်း ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မေးမြန်းရတဲ့အကြောင်းအရင်းကတော့ စဉ့်ကူးမြို့နယ်ပညာရေးဌာနမှာ ၁-၈-၂၀၁၆ ရက်နေ့ မှစပြီးတော့ ရုံးဝန်ထမ်း ၁၅ ဦးနှင့် သင်ကြားရေးဝန်ထမ်းဆရာဆရာမ ၉၅ ဦးကို နေ့စားလပေးများ အဖြစ်ခန့်အပ်ခဲ့ပါတယ်။ အဲဒီလိုခန့်အပ်နိုင်ရေးအတွက် အလုပ်ခေါ်ယူရာမှာ သင်ကြားရေးဝန်ထမ်း ဆရာဆရာမများအတွက်ကိုတော့ မူလကတည်းက နေ့စားလပေးများအဖြစ်သာခေါ်ယူခဲ့ကြောင်း လေ့လာသိရှိခဲ့ရသော်လည်း ရုံးဝန်ထမ်းများခေါ်ယူခဲ့တဲ့နေရာမှာတော့ အမြဲတမ်းဝန်ထမ်းများအဖြစ် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများမှတစ်ဆင့် အမြဲတမ်းဝန်ထမ်းပုံစံဖြင့် စနစ်တကျစာဖြင့်ခေါ်ယူခဲ့ကြောင်း လေ့လာသိရှိရပါတယ်။ သွားရောက်စာမေးပွဲဖြေဆိုရာမှာ လည်းပဲ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ရုံးများမှာ သွားရောက်ဖြေဆိုခဲ့ရကြောင်းလည်း လေ့လာသိရှိခဲ့ရပါတယ်။ ဒါပေမဲ့ ရုံးဝန်ထမ်းများကို အလုပ်ခန့်တဲ့အခါမှာတော့ အမြဲတမ်းဝန်ထမ်း အဖြစ် ခန့်အပ်ခြင်းမရှိဘဲ နေ့စားလပေးဝန်ထမ်းများအဖြစ်သာခန့်အပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရ ပါတယ်။

သို့သော် အဲဒီလိုအခြေခံပညာဦးစီးဌာနအောက်တစ်ခုတည်းမှာ ဒီဝန်ထမ်းအမျိုးအစားနှစ်ခု ဟာ နေ့စားလပေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ကြရတာချင်းအတူတူ တစ်နှစ်အကြာ ၁-၈-၂၀၁၇ ရက်နေ့မှာတော့ သင်ကြားရေးဝန်ထမ်းဖြစ်တဲ့ ဆရာဆရာမများဟာ အမြဲတမ်းဝန်ထမ်းအဖြစ် အတည်ပြုခန့်ထားခြင်းခံခဲ့ရပြီး နေ့စားလပေးခန့်အပ်ခြင်းခံခဲ့ရတဲ့ ရုံးဝန်ထမ်းများကတော့ ယနေ့တိုင်အောင် Permanent ဝန်ထမ်းများအဖြစ် မရရှိသေးကြောင်း လေ့လာသိရှိရပါတယ်။ ဒီလို ဥပမာမျိုးဟာ ၂၀၁၃ ခုနှစ်မှာလည်းပဲ ဖြစ်ခဲ့တယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်။ ၁-၈-၂၀၁၃ ရက်နေ့မှာလည်းပဲ ခန့်ထားတဲ့နေ့စားလပေးများထဲမှ သင်ကြားရေးဆရာဆရာမများကို ၄-၈-၂၀၁၄ ရက်နေ့ တစ်နှစ်အကြာမှာ အမြဲတမ်းဝန်ထမ်းအဖြစ်လည်းကောင်း၊ ရုံးဝန်ထမ်းများကို ၁-၁၀-၂၀၁၄

ရက်နေ့ တစ်နှစ်အကြာမှာ အမြဲတမ်းဝန်ထမ်းအဖြစ်လည်းကောင်း အသီးသီးခန့်ထားခဲ့ကြပါတယ်။ ဒါကြောင့်လည်းပဲ ၂၀၁၆ ခုနှစ်က နေ့စားလစာပေးအဖြစ် ခန့်အပ်ခြင်းခံခဲ့ရတဲ့ရုံးဝန်ထမ်းများဟာ သူတို့လည်း ဖော်ပြပါပုဂ္ဂိုလ်များအလားတူ တစ်နှစ်ခန့်ပြည့်လျှင် အမြဲတမ်းဝန်ထမ်းဖြစ်လာမယ် ဆိုတဲ့ မျှော်လင့်ချက်များနဲ့ အခက်အခဲများကိုသည်းခံပြီးတော့ တာဝန်များကို ထမ်းဆောင်ခဲ့တာ ယနေ့တိုင်အောင်ပဲ အမြဲတမ်းဝန်ထမ်းမဖြစ်ဘဲနဲ့နေခဲ့တဲ့အတွက်ကြောင့် သူတို့ရဲ့မျှော်လင့်ချက် များဟာ မှေးမှိန်လာတဲ့အတွက် ဒီမေးခွန်းဖြစ်ပေါ်လာရခြင်းဖြစ်ပါတယ်။ ဒီလို နေ့စားဝန်ထမ်းများ ဖြစ်နေတဲ့အတွက် သူတို့ဟာ Permanent ဝန်ထမ်းများကဲ့သို့ လုပ်ဆောင်တဲ့နေရာမှာတော့ Permanent ဝန်ထမ်းတွေကဲ့သို့ လုပ်ဆောင်နေရတဲ့အတွက်ကြောင့် သူဟာရုံးပိတ်ရက်တွေပါ နေ့စားခ မရရှိကြပါဘူး။

နောက်တစ်ခုက ဒေသခံမဟုတ်တဲ့သူများကလည်းပဲ သူတို့အတွက် နေထိုင်စရာအခန်းငှားခ စရိတ်တွေ၊ စားသောက်စရိတ်တွေ၊ ရေမီတာ၊ လျှပ်စစ်မီတာနဲ့ အခြားလူမှုရေးအသုံးစရိတ် များကြောင့် သူတို့ဟာ အခက်အခဲများနဲ့ရင်ဆိုင်နေရပါတယ်။ တချို့ဆိုလို့ရှိရင်လည်း အိမ်ထောင်သည် များဖြစ်တဲ့အတွက်ကြောင့် မိသားစုကိုပြန်လည်မထောက်ပံ့နိုင်တဲ့အပြင် သူတို့ကျတဲ့နေရာမှာပဲ တာဝန်များကို ခဲခဲယဉ်းယဉ်းထမ်းဆောင်လျက်ရှိပါတယ်။ တကယ်လို့သာ သူတို့ကို အမြဲတမ်းဝန်ထမ်း အဖြစ်ခန့်အပ်ခြင်းခံရမယ်ဆိုရင်တော့ ၎င်းတို့ရဲ့ဒေသများကို ပြန်လည်ပြီးတော့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်နိုင်မှာဖြစ်တဲ့အတွက်ကြောင့် နေထိုင်စားသောက်စရိတ်များ လျှော့ချပြီးတော့ မိသားစုကို ထောက်ပံ့နိုင်မယ့်အပြင် မိသားစုပါစည်းစည်းလုံးလုံးနေနိုင်ကြမှာဖြစ်ပါတယ်။ ဒီနေ့စားလစာပေးရုံး ဝန်ထမ်းထဲမှ တချို့ကလည်းပဲ အခြားသော ဝန်ကြီးဌာနများရဲ့ အလုပ်အကိုင်အခွင့်အလမ်းများ အတွက် ပြောင်းရွှေ့လျှောက်ထားကြလိုသော်လည်း တချို့က ဘွဲ့ကန့်သတ်ချက်၊ အသက် ကန့်သတ်ချက်များကြောင့် မလွယ်ကူတော့တဲ့အခြေအနေမှာ ရောက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းနေ့စားလစာပေးရုံးဝန်ထမ်းများကို ခန့်အပ်ခဲ့ရာမှာလည်း သက်ဆိုင်ရာ ကျောင်း၊ ရုံးများတွင် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ ဖွဲ့စည်းပုံပါနေရာများအတွက်ခန့်ထားခဲ့ခြင်း ဖြစ်သဖြင့် ၎င်းတို့အား အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်လိုက်မည်ဆိုပါကလည်း ရာထူးနေရာ၊ လစာစရိတ်များအတွက် ဌာနအနေဖြင့် အခက်အခဲရှိနိုင်မည်မဟုတ်ပါ။ အဲဒီလိုကဲ့သို့ အဆင်မပြေတဲ့ ဝန်ထမ်းများဟာ မြန်မာနိုင်ငံအဝန်းမှာ ၄၀၀၀ ကျော်ရှိတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါကြောင့် ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၏ ယနေ့တိုင်အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းမခံရသေးသော

နေ့စားလပေးရုံးဝန်ထမ်း ၁၅ ဦးအား အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်အပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်ဝင်းမြင့်ရဲ့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ် အခြေခံပညာဦးစီးဌာနလက်အောက်မှာရှိတဲ့ နေ့စားလပေးရုံးဝန်ထမ်းတွေကို အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားနိုင်ရေး မည်ကဲ့သို့စီစဉ်ထားရှိမှုရှိသည်ကို သိရှိလိုခြင်းမေးခွန်းအပေါ် ပြန်လည်ရှင်းလင်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာဦးစီးဌာနရုံးအပါအဝင် ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ထောက်ကြံ့)၊ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးနှင့်ရုံးခွဲများ၊ ခရိုင်ပညာရေးမှူးရုံးများ၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်ကျောင်းများမှာ ကျွန်တော်တို့ အမှုထမ်းရာထူးနေရာ ၃၉၀၁ နေရာမှာခန့်ထားခွင့်ပြုဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို ပညာရေးဝန်ကြီးဌာနအနေနဲ့ တင်ပြဆောင်ရွက်ထားရှိပါတယ်။ အခြေခံပညာဦးစီးဌာနအောက်မှာရှိတဲ့ အမှုထမ်းရာထူးနေရာ ၃၉၀၁ နေရာကို ခန့်အပ်နိုင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်ရဲ့ ဘဏ္ဍာရေးခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ရန်ဟု ခွင့်ပြုချက်ရရှိပြီးဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ အထက်ဖော်ပြပါအမှုထမ်းရာထူးနေရာ ၃၉၀၁ နေရာအတွက် ရန်ပုံငွေခွင့်ပြုချက်ရရှိပြီးရင်လည်း အမြဲတမ်းဝန်ထမ်းတွေခန့်ထားနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်တော်တို့စိစစ်ရွေးချယ်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ အခြေခံပညာဦးစီးဌာန၊ နည်းပညာနှင့်သက်မွေး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ကျန်တဲ့ဦးစီးဌာန ဦးစီးဌာနစုစုပေါင်း ၁၁ ခုမှာ ကျွန်တော်တို့ရဲ့ဖွဲ့စည်းပုံဟာ ကိုးသိန်းနီးပါးရှိပါတယ်။ လက်ရှိ ကျွန်တော်တို့ခန့်ထားတဲ့အင်အားဟာ ငါးသိန်းနီးပါးပဲရှိပါတယ်။

ဒါကြောင့်မို့လို့ အရည်အသွေးရှိသော ပညာရေးကိုဦးတည်အကောင်အထည်ဖော် ကြိုးပမ်းပြုပြင်ပြောင်းလဲဆောင်ရွက်တဲ့အခါမှာတော့ အရည်အသွေးရှိသော ဆရာဆရာမတွေခန့်ထားရေးဟာ နံပါတ်(၁)ဦးစားပေးဖြစ်ပါတယ်။ နံပါတ်(၂)ကတော့ ဒီလိုပဲ နေ့စားလပေးနဲ့ရုံးတွေမှာလာရောက်ဆောင်ရွက်ပေးနေတဲ့ အမှုထမ်းတွေကိုလည်း ကျွန်တော်တို့ရဲ့ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါတယ်လို့ ကျွန်တော်တင်ပြလိုပါတယ်။ သူတို့ရဲ့လာရောက်ပြီးတော့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမှုကလည်းပဲ ကျွန်တော်တို့ရဲ့ အရည်အသွေးရှိတဲ့ပညာရေးကိုကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ အများကြီးအထောက်အကူဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အတည်ပြုခန့်ထားနိုင်ရေးကိုတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ အရည်အသွေးရှိသောပညာရေးကို ဦးတည်ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေတဲ့အတွက် အရည်အသွေးရှိတဲ့သူတွေကိုပဲ ပညာရေးဝန်ကြီးဌာနအနေနဲ့ စိစစ်ရွေးချယ်ခန့်ထားနိုင်ရေးကို ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာဇော်ဝင်းမြင့်(စဉ့်ကူးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်အခုမေးတာက ပညာရေးဝန်ထမ်းနေ့စားလပေးကို Permanent ခန့်ဖို့ မေးခဲ့တာမဟုတ်ပါဘူး။ ကျွန်တော်မေးခဲ့တာက ၂၀၁၆ ခုနှစ်ကတည်းကခန့်ထားခဲ့တဲ့ ရုံးဝန်ထမ်းများကို အစတုန်းကလည်း ဒီနေရာမှာပဲ လျှောက်ထားခဲ့တာဖြစ်ပါတယ်။ ပညာရေးဝန်ထမ်းအဖြစ်လျှောက်ထားခဲ့တာမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ အဲဒီဝန်ထမ်းတွေကို Permanent ဖြစ်နိုင်/မဖြစ်နိုင်ပဲ ကျွန်တော်မေးမြန်းတာဖြစ်ပါတယ်။ အဲဒီအတွက် ဝန်ကြီးအနေနဲ့ ဖြစ်နိုင်ရင် ဖြေကြားပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရာထူးခန့်ထားရေးအရ နေ့စားခန့်မယ်ဆိုရင်တောင် ရုံးတွေ၊ ကျောင်းတွေသည် ကိုယ့်ဟာကိုယ်ခန့်လို့မရပါဘူး။ ပညာရေးဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲရေးကော်မတီရဲ့ အတည်ပြုချက်နဲ့ နေ့စားခန့်ထားရတာဖြစ်ပါတယ်။ ဒါတွေကိုစိစစ်ဆောင်ရွက်လိုက်တဲ့အခါမှာလည်း ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီရဲ့ အတည်ပြုချက်ရရှိထားခြင်းမရှိပါဘူး။

သို့သော် ဒီလိုမရှိသော်လည်းပဲ ကျေးဇူးတင်ပါတယ်။ ဒီဝန်ထမ်းတွေရဲ့ဆောင်ရွက်မှုကလည်းပဲ အင်မတန်အရေးပါပါတယ်။ ဝန်ထမ်းခန့်ထားရေးဆောင်ရွက်တဲ့အခါမှာတော့ ရုံးမှာဆောင်ရွက်နေတယ်။ အမြဲတမ်းဝန်ထမ်းမဟုတ်ဘူးဆိုတာသည် နေ့စားဝန်ထမ်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နေ့စားဝန်ထမ်းတွေကိုပဲ ၃၉၀၁ နေရာဟာ ခန့်ထားပေးဖို့အတွက်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အရည်အသွေးရှိတဲ့သူတွေကိုပဲ စိစစ်ပြီးတော့ ရွေးချယ်ခန့်ထားနိုင်ရေးကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါပြီ။

**လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားအား မည်သည့်ဘဏ္ဍာရေးနှစ်တွင် အသစ်ပြန်လည် တည်ဆောက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းဥက္ကာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဥက္ကာ(လဲချားမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်မေးမြန်းမယ့်မေးခွန်းကတော့ လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် ဝမ်စေ့-နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ပါရင်တံတားအဟောင်းအား အသစ်တည်ဆောက်ပေးရန်နှင့် စပ်လျဉ်းသောကြယ်ပွင့်ပြမေးခွန်းအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားသည် ရွာသူရွာသားများက ကိုယ်ထူကိုယ်ထတည်ဆောက်ထားခဲ့သော ရှည်လျားသည့်သစ်သားတံတားတစ်စင်းဖြစ်ပါသည်။ နှစ်ကာလာကြာမြင့်နေပြီဖြစ်သည့်အတွက် မိုးလေတိုက်စားကာ ဟောင်းနွမ်းဆွေးမြည့်လျက်ရှိပြီး ခိုင်ခံ့မှုမရှိတော့သည်ကို စစ်ဆေးတွေ့ရှိရပါသည်။ အဆိုပါတံတားသည် လဲချားမြို့နယ်အတွင်းရှိ တပ်မောက်၊ နမ့်လေ၊ ဝမ်စေ့ကျေးရွာအုပ်စုသုံးခုအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကုန်စည်စီးဆင်းမှုအတွက် အရေးပါသောတံတားတစ်စင်းဖြစ်ပါတယ်။ မိုင်းကိုင်-ကျေးသီးနယ်စပ်တွင် တည်ရှိပြီး လဲချားမြို့နှင့် ပိုမိုနီးကပ်သောကျေးရွာအုပ်စုများမှ ကုန်ထုတ်လမ်းအဖြစ် အသုံးပြုနေတဲ့ တံတားတစ်စင်းလည်း

ဖြစ်ပါတယ်။ သို့ဖြစ်၍ ပြည်သူလူထုများကိုယ်စား မေးမြန်းလိုသည်မှာ လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ပါရင်တံတားအား အသစ်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိရာ မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပြီး အစီအစဉ်မရှိပါက အဘယ်ကြောင့်ဆိုသည်ကို မဲဆန္ဒရှင်များကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွန်း(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွန်း ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ လဲချားမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဥက္ကာရဲ့ လဲချားမြို့နယ်၊ တပ်မောက်ကျေးရွာအုပ်စုနှင့် နမ့်လေကျေးရွာအုပ်စုသို့ ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ ပါရင်တံတားကို အသစ်ပြန်လည်တည်ဆောက်ပေးရန် လိုအပ်လျက် ရှိရာ မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ လဲချားမြို့နယ်၊ တပ်မောက်-နမ့်လေကျေးရွာ အုပ်စုချင်းဆက်လမ်းပေါ်မှာရှိတဲ့ ပါရင်တံတားဟာ ဒေသကနေကိုယ်ထူကိုယ်ထတည်ဆောက်ထားတဲ့ ပေ ၉၀ အရှည်ရှိတဲ့ သစ်သားတံတားဖြစ်ပါတယ်။ လက်ရှိမှာ ဒေသအစီအစဉ်ဖြင့် ပြုပြင်ထိန်းသိမ်းအသုံးပြုလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ တံတားတည်ရှိရာ လမ်းရဲ့အခြေအနေမှာ လမ်းအကျယ် ၁၈ ပေခန့် မြေမှာမြေသားလမ်းအမျိုးအစားဖြစ်ပြီးတော့ ပတ်ဝန်းကျင်မှာ ကျေးရွာ ၁၄ ရွာ၊ အိမ်ခြေ ၇၂၈ အိမ်နှင့် လူဦးရေ ၄၂၁၆ ဦးတို့ အသုံးပြုလျက်ရှိကြောင်းကိုလည်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ ပါရင်သစ်သားတံတား ၉၀ ပေအား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်/ခရိုင်ကော်မတီများမှ အသေးစိတ်ကွင်းဆင်းလေ့လာစိစစ်ပြီး ဆောင်ရွက်ရမည့် လုပ်ငန်းပမာဏ၊ ခန့်မှန်းတွက်ချက်မှုစသည်တို့နှင့်အတူ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပေးရန်လိုအပ်မှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လိုအပ်ချက်နှင့် ဖြစ်နိုင်ခြေအပေါ်မူတည်၍ အမှန်တကယ်အကျိုးပြုနိုင်မှုရှိ/မရှိ သုံးသပ်ပြီး ရန်ပုံငွေရရှိရေးထောက်ခံတင်ပြလာပါက

အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဆိုက်ခေါင်အိမ်တွင်းသက်မွေးပညာသင်ကျောင်း၏ လိုအပ်နေသေးသော ဆောင်ရွက်ရန်ကိစ္စများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖြည့်ဆည်းပေးပြီး အမြန်ဆုံးဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဒုတိယဝန်ကြီး၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မဲဆန္ဒနယ်ဆီဆိုင်မြို့နယ်အပါအဝင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သုံးမြို့နယ်မှာ လူဦးရေ ၄၅၀၀၀၀ ခန့်နေထိုင်ပြီးတော့ ပအိုဝ်းလူမျိုး ၇၀ ရာခိုင်နှုန်းခန့်နှင့် ရှမ်း၊ ဗမာ၊ ကယန်း၊ လီဆူး၊ တောင်ရိုးအပါအဝင်လူမျိုး ၁၅ မျိုး အတူတကွ စုပေါင်းနေထိုင်သောဒေသဖြစ်ပါတယ်။ ဒေသအတွင်းမှာ နေထိုင်ကြတဲ့ပြည်သူများဟာဆိုရင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားကိုးအားထားလုပ်ကိုင်လျက်ရှိကြပါ တယ်။ ယခု ဆယ်စုနှစ်ကာလများအတွင်း၌ ရာသီဥတုမမှန်ခြင်း၊ သွင်းအားစုဓာတ်မြေဩဇာများဈေးမြင့်တက်ခြင်း၊ မျိုးစေ့များဈေးကြီးမြင့်ခြင်း၊ လုပ်သားများရှားပါးလာခြင်း၊ လုပ်သားခဈေးကြီးမြင့်လာခြင်းနှင့် စိုက်ပျိုးသီးနှံအထွက်နှုန်းကျဆင်းခြင်းအပြင် ထွက်ရှိသီးနှံများဈေးပုံမှန်မရှိခြင်း၊ ဈေးမကောင်းခြင်းတို့ကြောင့် ကျေးလက်နေပြည်သူတို့ရဲ့ လူမှုစီးပွားဟာ ပိုမိုခက်ခဲကျပ်တည်းလာကြောင်း တွေ့ရှိနေရပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းနှင့် စားဝတ်နေရေးအခက်အခဲကြောင့် အရွယ်ကောင်းလူငယ်များဟာဆိုရင် ရွေးချယ်စရာလမ်းမရှိသည့်အတွက် အိမ်နီးချင်းနိုင်ငံများသို့ နေ့စဉ်နှင့်အမျှ နေရပ်စွန့်ခွာသွားရောက်ပြီးတော့ ရရာအလုပ်ကို လုပ်ကိုင်လျက်ရှိကြပါတယ်။

ဤကဲ့သို့ ဒေသတွင်းလူငယ်များ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းကိုသာ အဓိကအားကိုးလုပ်ကိုင်နေရခြင်းကို အထောက်အကူဖြစ်စေရန်၊ အိမ်တွင်းသက်မွေးပညာရပ်များ စဉ်ဆက်မပြတ်သင်ယူခွင့်ရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုအထောက်အကူဖြစ်စေရန်အတွက် နိုင်ငံတော်ခွင့်ပြုချက်နှင့်အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌမှ ဦးဆောင်ညှိနှိုင်းပေါင်းစပ်မှုနှင့် သက်မွေးပညာသင်ကျောင်းတစ်ကျောင်းဖွင့်လှစ်ဖို့အတွက်ကို ၂၀၁၇ ခုနှစ်မှာ စတင်

ခဲ့ပါတယ်။ သင်တန်းကျောင်းအတွက်လိုအပ်တဲ့ မြေနေရာငါးဧကကို ကျွန်တော့်ကိုယ်ပိုင်ခြံမြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသော ခြံအလှူရှင်ကိုးဦးတို့မှ စုပေါင်းလှူဒါန်းခဲ့ကြပါတယ်။ နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ ဆီဆိုင်မြို့နယ်၊ ဆိုက်ခေါင်အိမ်တွင်းသက်မွေးပညာကျောင်းကို ၂၀၁၈ ခုနှစ် မိနီဘတ်ဂျက်၊ နိုင်ငံတော်ဘတ်ဂျက်ငွေဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ ယခု အခါမှာ သင်တန်းသားအိတ်ဆောင် ဝန်ထမ်းအိမ်ရာ၊ စားရိပ်သာ၊ ရေ၊ မီး၊ လမ်းနှင့် ကျောင်းဝင်း ကာရံခြင်းများကို ဆောင်ရွက်ပြီးစီးနေပြီး ပင်မစာသင်ဆောင်နှင့် အခြားသင်ကြားရေးဆိုင်ရာကိစ္စ များသာ ဆောင်ရွက်ရန်ကျန်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒေသနေပြည်သူများနှင့် မြေအလှူရှင်များ ကလည်း မိမိတို့ဒေသနေလူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပြုရာတွင် တစ်ဖက်တစ်လမ်း မှ အထောက်အကူရရှိစေမည့် သင်တန်းကျောင်းအမြန်ဆုံးဖွင့်လှစ်မည်ကို မျှော်လင့်စောင့်စားလျက် ရှိပြီးတော့ မိမိထံလည်း မကြာခဏမေးမြန်းလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ လူငယ်လူရွယ်များအတွက် သက်မွေးပညာရပ်များကို သင်ကြားပို့ချပေးမည့် ဆိုက်ခေါင်အိမ်တွင်းသက်မွေးပညာသင်တန်းကျောင်း၏ လိုအပ်နေသေးတဲ့ ဆောက်ရွက်ရန်ကိစ္စ များကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ရေးနှစ်တွင် ဖြည့်ဆည်းပေးပြီး အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ပါရန်နှင့် စီမံ ဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုပါသဖြင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ဆီဆိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သန်းထူးရဲ့ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ အမျိုးသမီးငယ်များအတွက် သက်မွေးပညာရပ်များကို သင်ကြားပို့ချပေးမည့် ဆိုက်ခေါင်အိမ်တွင်းသက်မွေးပညာသင်ကျောင်းရဲ့ လိုအပ်နေသေးတဲ့ ဆောင်ရွက်ရန်ကိစ္စများကို ၂၀၂၀-၂၀၂၁ ဘတ်ဂျက်ရေးနှစ်တွင် ဖြည့်ဆည်းပေးပြီး အမြန်ဆုံးဖွင့်လှစ်ပေးနိုင်ရေးနှင့် စီမံဆောင်ရွက်ပေးမည့်အစီအစဉ်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေနဲ့ကတော့ ရှမ်းပြည်နယ်အတွင်းမှာ ကွန်ဟိန်း၊ လားရှိုး၊ မူဆယ်၊ လောက်ကိုင်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ် တို့မှာ အမျိုးသမီးအိမ်တွင်းမှုသင်တန်း သက်မွေးလုပ်ငန်းပညာသင်ကျောင်း စုစုပေါင်းခုနစ်ကျောင်း

ကို ဖွင့်လှစ်ပြီးတော့ ဒေသအတွင်းမှာရှိတဲ့ အမျိုးသမီးငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိပြီးတော့ ဆိုက်ခေါင်တွင်လည်း အိမ်တွင်းမှုသင်တန်းကျောင်းတစ်ကျောင်း ထပ်မံဖွင့်လှစ်ရန် လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ဆိုက်ခေါင်အိမ်တွင်းမှုသင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက်ရန်ပုံငွေများကိုလည်း ကျွန်တော်တို့ ခွဲဝေလျာထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမခြောက်လမှာ Chain Link ခြံစည်းရိုးကာရံခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ဒုတိယ ၁၂ လမှာနှစ်ထပ်အိပ်ဆောင်ဆောက်လုပ်ခြင်း၊ (၆)ခန်းတွဲနည်းပြဆောင်ဆောက်လုပ်ခြင်း၊ (၈)ခန်းတွဲရေချိုးခန်းနှင့်သန့်စင်ခန်းများဆောက်လုပ်ခြင်း၊ မီးသွယ်တန်းခြင်း၊ စက်ရေတွင်းတူးဖော်ခြင်း၊ ဂိုဒေါင်နှင့်စားရိပ်သာများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ကျောင်းတွင်းမှာကွန်ကရစ်လမ်းခင်းခြင်း၊ မီးစက်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်၍ ကျန်ရှိနေသေးတဲ့အရေးကြီးတဲ့ အုပ်ချုပ်မှုရုံးနှင့် သင်တန်းခန်းမဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းကိုတော့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြခဲ့သော်လည်း ရန်ပုံငွေခွဲဝေဖြတ်တောက်မှုအရ ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးအဆောက်အဦဆောက်လုပ်ပြီးစီးပါက သင်တန်းကျောင်း အမြန်ဆုံးဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**လှိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မက်မီးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လှိုင်လင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်နှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနဲ့ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုရပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လှိုင်လင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ရှမ်းပြည်နယ်

(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မတ်မီးကျေးရွာ ဘုန်းတော်ကြီးကျောင်းမှာ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှာ လုထုတွေ့ဆုံပွဲ၊ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲကို ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ ကျေးရွာပေါင်း ၁၉ ရွာမှ မဲဆန္ဒရှင်ဒေသခံတိုင်းရင်းသားမိဘပြည်သူများ တက်ရောက်ခဲ့ကြပါတယ်။ မဲဆန္ဒရှင်မိဘပြည်သူများတင်ပြချက်မှာ မဲဆန္ဒရှင်ဒေသခံတိုင်းရင်းသားမိဘပြည်သူများနေထိုင်ရာကျေးရွာများဟာ တောင်ပေါ်မှာတည်ရှိပြီးတော့ တောင်ပေါ်သို့တက်ရောက်ရတဲ့လမ်းဖြစ်ပြီး ဒေသထွက်လက်ဖက်ခြောက်၊ လက်ဖက်စိုများနဲ့ အခြားခြံထွက်သီးနှံများကို ပင်လုံမြို့သို့သယ်ပို့သွားလာရတဲ့လမ်း ဖြစ်ပါတယ်။ ကျေးရွာနေမိဘပြည်သူများရဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်တင်ပြလာပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ အောက်ပါကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းအပ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မက်မီးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းခင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးပါမည်နည်း။ အစီအစဉ်မရှိပါက အဘယ်ကြောင့်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်သန်းထွဋ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ လွိုင်လင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီ၏ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မတ်မီးကျေးရွာအဝင်လမ်းရှိ ကျောက်ချောလမ်း ၂၆၆၄၃ ပေအား ကတ္တရာလမ်းခင်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိမေးခွန်းအပေါ်မှာ ရှင်းလင်းဖြေကြားသွားပါမယ်။ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မတ်မီးကျေးရွာအဝင်လမ်းပိုင်းဟာ ပင်လုံ-လဲချား ကားလမ်းမကြီးကနေ လွယ်ချယ်-နောင်မတ်မီးကျေးရွာအထိ ခုနစ်မိုင်ရှိတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ခင်းလမ်း ခုနစ်မိုင်ကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကျောက်လမ်း ခုနစ်မိုင်အနက် အတက်အဆင်းမတ်စောက်တဲ့၊ အကွေ့များတဲ့နေရာများ

မှာတော့ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNO)အစီအစဉ်ဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁/၄ မိုင်ကို ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ကျန်ကျောက်လမ်း ၅/၄ မိုင်အတွက် ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိနေပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ကိုယ်စားလှယ်မေးမြန်းထားတဲ့ လွိုင်လင်မြို့နယ်၊ နောင်လိုင်ကျေးရွာအုပ်စု၊ နောင်မတ်မီး ကျေးရွာအဝင်လမ်းမှာ ကတ္တရာခင်းရန်လိုအပ်တဲ့ ၅/၄ မိုင်တွင် အနက် နှစ်မိုင် ကတ္တရာလမ်းအဆင့်မြှင့်တင်ရန်အတွက် မြို့နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီရဲ့ ဦးစားပေးအစီအစဉ်(၇)ဖြင့် အဆိုပြုတင်ပြချက်အရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေနဲ့ဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှာ ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် မြို့နယ်အလိုက် အချိုးကျခွဲဝေရရှိသည့်ရန်ပုံငွေ လုံလောက်မှုရှိပါက အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးပြန်လည်ထွက်ခွါနိုင်ပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိအတည်ပြုပြီးနောက် ၂၀-၅-၂၀၂၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့်နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နဲ့(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိပြန်လည်ပေးပို့သော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၀-၅-၂၀၂၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ် ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို အမျိုးသားလွှတ်တော်၌ ပြင်ဆင်ချက်မရှိ အတည်ပြုပြီးနောက် ၂၀-၅-၂၀၂၀ ရက်နေ့မှာ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို လွှတ်တော်နှစ်ရပ်လုံးကသဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသည်ဟုမှတ်ယူပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၂ နည်းဥပဒေခွဲ(ဂ)နှင့်(ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၈ ရက်(ကြာသပတေးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းနဲ့ ယနေ့အတွက်အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁:၃၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁:၃၀ နာရီအချိန်တွင် ရပ်နားပါသည်။]

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့


# (၂၅.၅.၂၀၂၀) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Soe Thein    U Toe Win



U Soe Aung    Dr Kyi Moh Moh Lwin



U Soe Aung    Dr Khin Sithu



U Soe Aung    U Tin Nu



Dr Myo Thein Gyi    U Zone Teint



Dr Myo Thein Gyi    U Sein Bo

-

pyithu.hluttaw.mm



**Dr Myo Thein Gyi**



**Dr Zaw Win Myint**

pyithu.hluttaw.mm



**Maj Genl Than Htut**




**U Sai Oakkar**

pyithu.hluttaw.mm



**Maj Genl Than Htut**




**U Khun Than Htoo**

pyithu.hluttaw.mm



**Maj Genl Than Htut**



**U Khin Maung Thi**

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်